မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများအား အဆို၊ အက၊ အငြိမ့်များဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေး

နေပြည်တော် မတ် ၄

(၆၂)နှစ်မြောက် တပ်မတော်နေ့တွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများတည်းခိုရာ ရွာတော်အမှတ်(၇) တည်းခိုရေးစခန်း၌ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)၊ အမှတ်(၁) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၊ အမှတ်(၃) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက ယမန်နေ့ ည ၇ နာရီတွင် အဆို၊ အက၊ အငြိမ့်များဖြင့်ဖျော်ဖြေရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ရေးပြလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဖော်ဝင်း၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်၊ စစ်ကြောင်းမှူးကြီးများနှင့် အရာရှိကြီးများ ကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

ဖျော်ဖြေတင်ဆက်

ထိုသို့ဖျော်ဖြေရာတွင် အနော်ရထာစစ်ကြောင်းနှင့် ကျန်စစ်သားစစ်ကြောင်းတို့၌ အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် စိန်သရဖူ အငြိမ့်ဖြင့်လည်းကောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းတို့၌ အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် ပြည်ကြီးမဏ္ဍိုင်အငြိမ့်ဖြင့်လည်းကောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၌ တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှ စင်တင်တေးဂီတနှင့် မြဝတီအငြိမ့်ဖြင့်လည်းကောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် မြဝတီစစ်ကြောင်းတို့၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စင်တင်တေးဂီတနှင့် နဝရတ်ကိုးသွယ် အငြိမ့်တို့ဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဖျော်ဖြေတင်ဆက်မှုများကို စစ်ကြောင်းများရှိ တပ်ရင်းမှူးများ၊ အရာရှိများနှင့် စစ်သည်များက ပျော်ရွှင်စွာ တစ်ခဲနက် ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

ပြည်တွင်း၊ ပြည်ပ သတင်း ဆောင်းပါး အညွှန်း

အီတလီစီးရီးအေတွင် ရှုံးပွဲမရှိစံချိန် အင်တာမီလန်တို့ တင်ထားဆဲ

ကမ္ဘာ့တစ်လွှား အားကစား (စာ-၁၃)

သွားဖုံးရောဂါကုသခြင်းကြောင့် သွေးကြောများ ကောင်းမွန်စေပြီး နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့ကို ကာကွယ်ရန် အထောက်အကူပေး

အင်တာနက် ကျန်းမာရေး (စာ-၄)

တိုင်းရောဝတီ သိုင်းချောင်းမြို့နယ်မှ စိတ်ဝင်စားဖွယ် နီးဝါးလုပ်ငန်း မြင်ကွင်း။

သတင်းမြင်ကွင်း သန်းသန်းနုနှင့် တင်မာဝင်း (စာ-၈)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၅ရက်)

လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေမည့် မမြရေလှောင်တမံ စီမံကိန်း

သီးနှံစိုက်ပျိုးရေးတွင် အဓိကလိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်း တာတမံ စီမံကိန်းများကို ဒေသ၏ လိုအပ်ချက်နှင့်အညီ တည်ဆောက်ပေးလျက်ရှိရာ မမြရေလှောင်တမံစီမံကိန်း သည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

မမြရေလှောင်တမံစီမံကိန်းကို မြန်အောင်မြို့နယ် ပုသိမ်-မုံရွာ ကားလမ်းဘေး မျှင်ဝါးတောင် ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ မမြချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော် လျက်ရှိသည်။ စိုက်ပျိုးမြေဧကတစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်သာမက မမြချောင်း ဝဲ/ယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းကို ကာကွယ်နိုင်မည့်အပြင် ရေအားလျှပ်စစ် ကီလိုဝပ် ၅၀၀ကိုပါ ထုတ်ယူရရှိနိုင်မည် ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မမြရေလှောင်တမံ စီမံကိန်းကို မတ်လ ၃ရက်နေ့က လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြောကြားရာတွင်-

"မမြရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးရေပေးဝေသည့်လုပ်ငန်းနှင့်အတူ အသေးစား ရေအားလျှပ်စစ်လုပ်ငန်းပါ ပူးတွဲတည်ဆောက်ထားသည့် စီမံကိန်းဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်၌ ဆည်တမံလုပ်ငန်းပေါင်း ၂၀၀နီးပါးခန့်ကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်၍ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အား ရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ ရေအားလျှပ်စစ်စီမံကိန်းများ ပူးတွဲပါလျှင်လည်း မိမိကိုယ်တိုင် ဒီဇိုင်းဆွဲ၊ မိမိ ကိုယ်တိုင် တည်ဆောက်လုပ်ကိုင်နိုင်အား ရှိရမှာဖြစ်ကြောင်း၊ အထူးသဖြင့် အသေးစားရေအား လျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင် လုပ်ကိုင်နိုင်စွမ်းရှိရမှာ ဖြစ်ကြောင်း၊ သို့မှသာ ဆည်တမံလုပ်ငန်းရော၊ ရေအားလျှပ်စစ်လုပ်ငန်းပါ ကြန့်ကြာမှုမရှိ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးနိုင်ပြီး ပြည်သူများအနေဖြင့် မြန်မြန်အကျိုးကျေးဇူး ခံစားရမှာဖြစ်ကြောင်း"

လမ်းညွှန်ခဲ့ပေသည်။

နိုင်ငံတော်က ဒေသခံပြည်သူများ အကျိုးစီးပွား တိုးပွားဖြစ်ထွန်းရေးအတွက် ရေမြေသယံဇာတ အရင်းအမြစ်များကို ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ၍ ထုတ်ဖော်ပေးလျက်ရှိရာ စိုက်ပျိုးမြေများ တိုးပွားလျက်ရှိသည်။

ဒေသခံပြည်သူများအနေဖြင့် တိုးပွားလာသည့် စိုက်ပျိုးမြေများတွင် စပါး၊ ဝါနှင့် ဆီထွက်သီးနှံ များသာမက ဒေသနှင့်ကိုက်ညီပြီး ဝင်ငွေကောင်းသည့် သီးနှံအမယ်သစ်များကို အောင်မြင်အောင် ကြိုးပမ်း စိုက်ပျိုးကြရမည် ဖြစ်သည်။

ယခုအခါ မမြရေလှောင်တမံ စီမံကိန်းကဲ့သို့ စိုက်ပျိုးရေသာမက ရေအားလျှပ်စစ်ကိုပါ တစ်ပြိုင်တည်း ထုတ်လုပ်ပေးနိုင်မည့် ရေလှောင်တမံစီမံကိန်းများကို နိုင်ငံတစ်ဝန်း တည်ဆောက်အကောင်အထည်ဖော်လျက် ရှိရာ စီမံကိန်းလုပ်ငန်းများ ဆောလျင်စွာ ပြီးစီးသည်နှင့်အမျှ ဒေသခံပြည်သူများ မြန်မြန်အကျိုးကျေးဇူး ခံစားရပြီး လူမှုစီးပွားဘဝ ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်ပေသည်။ ။

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၅-၃-၂၀၀၇

(တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ အမှတ်တမဲ့အမှားတရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရဆရာတော်)
- ၈:၀၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ (လန်ဒန်မြေပဲယို)DVD
- ၈:၃၅ တေးဂီတအစီအစဉ်
- ၈:၄၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ ဆံကေသာကောင်းမှလူတိုင်းလှပ
- ၉:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၉:၅၀ မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေးအလှူတော်အဖွဲ့၏စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာထမနဲပွဲ
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ ကြက်၊ငှက်တုပ်ကွေးရောဂါ အန္တရာယ်အကြောင်းမေးမြန်းခန်း (ဒေါက်တာခင်မောင်လွင်)
- ၁၀:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၄၀ Yangon Panorama (၈)ကြိမ်မြောက် Nikko Charity Golf Tournament, အတွက် စာနယ်ဇင်းမိတ်ဆက်ပွဲအခမ်းအနား
- ၁၀:၅၀ တေးဂီတအစီအစဉ်
- ၁၀:၅၅ တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
- ၁၁:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၁:၁၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အမျိုးသမီးတို့ကိုယ်ဝန်ဆောင် မီးဖွားခြင်းဆိုင်ရာပြဿနာများ)
- ၁၁:၅၀ တေးဂီတအစီအစဉ်
- ၁၁:၅၅ ငြိမ့်ညောင်းသာယာ ရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
- ၁၂:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၂:၁၅ ဒေသဖွံ့ဖြိုးတိုးတက်စေမည့် "ဒုဋ္ဌဝတီ"
- ၁၂:၂၅ တေးဂီတအစီအစဉ်
- ၁၂:၃၀ ရေကြည်မြို့နယ်မှ ကျုံတာမြစ်ကျိုးအင်း
- ၁၂:၄၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၅၀ မေတ္တာရိပ်
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။



သန်လျင်မြို့ ဇလမ်းထန်းပင်ကုန်းနေ ဦးသာလှိုင်နှင့် မိသားစုတို့က ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် နှစ်သိန်းငါး သောင်းကို နှင်း ဆီ ကုန်း ဘိုးဘွားရိပ်သာ အုပ် ချုပ် ရေး အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၈၇ လမ်း အမှတ် (၂၃)နေ ဦးအောင်ကြည်-ဒေါ်တင်တင်အေးနှင့် သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ပညာသိရီလင်္ကာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကေဗွီ (၂၃၀) ရွှေစာရံ ဓာတ်အားခွဲရုံ

မြန်မာပြည်အလယ်ပိုင်းတွင် အကြီးဆုံးဓာတ်အားခွဲရုံဖြစ် မန္တလေးမြို့အား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးစီစဉ်

ရန်ကုန် မတ် ၄

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၈ရက် နံနက်ပိုင်းက တာဝန်ရှိသူများ လိုက်ပါလျက် ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ၊ နွားဂဲကျေးရွာအနီး ရွှေလီ-မန်စံ-ရွှေစာရံ ကေဗွီ(၂၃၀) မဟာဓာတ်အားလိုင်း စီမံကိန်းလုပ်ငန်း ရွှေစာရံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(မြောက်ပိုင်း) စီမံကိန်းမန်နေဂျာ ဦးဇော်ရဲမြင့်က မိမိတို့စီမံကိန်းမန်နေဂျာရုံး(၁) မန္တလေးအနေဖြင့် ကျောက်မဲ-နောင်ချိုအပိုင်း ၂၁ဒသမ ၅ မိုင် ရှည်လျားပြီး တာဝါတိုင်ပေါင်း ၃၀၈တိုင် တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး နောင်ချို-ရွှေစာရံအပိုင်းတွင် မြေကျင်းတူးခြင်း ၃၀၈ တိုင်မှာ အားလုံးပြီးစီးသဖြင့် ရာနှုန်းပြည့် ပြီးစီးလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

အချိန်မီပြီးစီးအောင်ဆောင်ရွက်

ထို့နောက် ဓာတ်အားပို့လွှတ်ရေး (မြောက်ပိုင်း) ညွှန်ကြားရေးမှူး ဦးတင်ရွှေက ရွှေလီ-မန်စံ-ရွှေစာရံ ကေဗွီ (၂၃၀)မဟာဓာတ်အားလိုင်းဆောင်ရွက်မှုတွင် အပိုင်းလိုက်ခွဲ၍ တာဝန်ယူ တည်ဆောက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် ဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်ကာလ အတွင်း အချိန်မီပြီးစီးအောင် တာဝန်ရှိသူများ ကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ ကေဗွီ(၂၃၀)ရွှေစာရံဓာတ်အား ခွဲရုံသည် မြန်မာပြည်အလယ် ပိုင်းတွင် အကြီးဆုံး ဓာတ်အားခွဲရုံ တစ်ရုံဖြစ်လာ မည်ဖြစ်ကြောင်း၊ စီမံချက်များအရ ဖြစ်ပေါ်လာမည့် ဓာတ်အားလိုင်းများ တည်ဆောက်မည့် အစီအစဉ်များ၊ မန္တလေးမြို့အား လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အား လိုင်းများ စီစဉ်ဆောင်ရွက်ထားရှိမည့် အစီအစဉ်များနှင့် တည်ဆောက်ခြင်း လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်စေ လိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်း တွင် စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာ အုပ်စုနဘဲပင်ကျေးရွာအနီး ကျောက်ဆည် (ဘဲလင်း)ပင်မဓာတ်အားခွဲရုံတည်ဆောက် ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာဓာတ်အား ပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)စီမံကိန်း မန်နေဂျာ ဦးဇော်ရဲမြင့်က ရဲရွာရေအား လျှပ်စစ် စက်ရုံမှ ထွက်ရှိသော လျှပ်စစ် ဓာတ်အားကို 230 KV Twin Bundle Circuit မဟာဓာတ်အားလိုင်း များဖြင့် ကျောက်ဆည်(ဘဲလင်း) ပင်မ ဓာတ်အားခွဲရုံ ဓာတ်အားဖြန့်ဖြူးရန် National Gridနှင့် ဆက်သွယ်ဆောင် ရွက်မည်ဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံ Control Room နှင့် Switch Yard များ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက် ထားရှိမှု အခြေအနေများကို လည်း ကောင်း၊ မိမိတို့စီမံကိန်းရုံးမှ တာဝန်ယူ တည်ဆောက်ရမည့် ကျောက်ဆည်-မိတ္ထီလာ အပိုင်း၊ ရဲရွာ-မိတ္ထီလာ အပိုင်း၊ ရဲရွာ-ကျောက်ဆည်အပိုင်း ဆောင်ရွက် ပြီးစီးမှု အခြေအနေများနှင့် ဆောင်ရွက် ရန် ကျန်ရှိသော အပိုင်းများကို လည်း ကောင်း ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်း

ဝန်ကြီးက ကေဗွီ(၂၃၀)ဓာတ် အားခွဲရုံများ တိုးချဲ့တည်ဆောက်မည့် အစီအစဉ်များ၊ Switch Yardတည် ဆောက်ရာတွင် စီမံချက်များအရ ဖြစ်ပေါ်လာမည့် ဓာတ်အားလိုင်းပေါ် မူတည်ပြီး တိုးချဲ့တည်ဆောက်မည့် အခြေအနေများနှင့် သတ်မှတ်ကာလ အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေး တာဝန်ရှိသူများ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း ပြောကြား သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်(ဘဲလင်း)ပင်မ ဓာတ်အား ခွဲရုံအတွင်း ဝန်ထမ်း အိမ်ရာများ တည် ဆောက်ပြီးစီးမှုနှင့် တည်ဆောက်ဆဲ အဆောက်အအုံများအားလိုက်လံကြည့်ရှု စစ်ဆေးပြီး အရည်အသွေးမီ ကောင်းမွန် ခိုင်ခံ့သော အဆောက်အအုံများ ဖြစ်စေ လိုကြောင်း ပြောကြားပြီး လိုအပ်သည် များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ **ကျောဖုံးမှ**

ဆက်လက်၍ နိုင်ငံကျော် အဆိုတော် ဒေါ်ခင်စိုးဝင်းက မဟာတေဇမုနိစေတီတော် ဧကပိုဒ်ရတုကို သီကျူးပူဇော်ပြီး နိုင်ငံကျော်အဆိုတော် ဦးထွန်းရွှေက မဟာတေဇမုနိစေတီတော် စေတိယပူဇာဝန္ဒနာတေးထပ်ဖြင့်သီကျူးပူဇော်သည်။

ပူးပေါင်းဆောင်ရွက်နေသော ဆောက်လုပ်ရေးကုမ္ပဏီများ (နေပြည်တော်)က ငွေကျပ် ၈၁ သိန်း၊ အရှေ့ရှမ်းရိုးမကုမ္ပဏီမှ ဦးဘိုနီက ငွေကျပ်သိန်း ၆၀၊ ညိုညိုစတိုးမှ ဦးသိန်းလွင်နှင့် ဒေါ်ညိုညိုမိသားစုက ငွေကျပ် ၅၆၀၀၀၀၈ ကျပ်၊ နီလာရိုးမကုမ္ပဏီမှ ငွေကျပ် ၅၃ သိန်း၊ Rothmans of Pall Mall

ဦးခွန်မြင့်အောင် (စိန်ရွှေပွင့် ကုမ္ပဏီ)က ငွေကျပ် ၁၆ သိန်း အပါအဝင် အလှူရှင်အသီးသီးက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့် မဟာတေဇမုနိစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်အောင်(ငြိမ်း)တို့ကလက်ခံကြသည်။

မဟာတေဇမုနိ စေတီတော်ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် အလှူရှင်၈၂ ဦးတို့၏ ယနေ့ လှူဒါန်းမှု အစုစုမှာ စုစုပေါင်းငွေ ၂၀၂၄၅၂၃၉၈ ကျပ်ဖြစ်ကြောင်း သိရသည်။

ကိုးပါးသီလ ခံယူဆောက်တည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် ပရိသတ်များ လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ရှိ ဓာတ်ပေါင်းစုစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် မနောရမ္မသာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

အနေကဇာတင်

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို မနောရမ္မသာသနာ့ ဗိမာန်တော်၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် မဟာတေဇမုနိစေတီတော်၏ ရွှေထီးတော်အလှူရှင် ဦးကျော်ညွန့်တို့က မနောရမ္မကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေကြာသက်န်း၊ မြသပိတ်တော်၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ဆီမီး၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ထံ တံခွန်၊ ကုက္ကား အစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက မနောရမ္မကြေးသွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များသည် မနောရမ္မသာသနာ့ဗိမာန်တော်အနီးရှိ ဓာတ်ပေါင်းစု စေတီတော်ရင်ပြင်သို့ ကြွရောက်တော်မူကြပြီး ဓာတ်ပေါင်းစုစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် အခမ်းအနားမှူးက အမျှပေးဝေပြီး နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်သည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များနှင့် ပရိသတ်များက ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေမိုး ငွေမိုးရွာသွန်း

ဆက်လက်၍ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အဖွဲ့ဝင်များက ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပြီး မင်္ဂလာစည်တော်အဖွဲ့က အောင်စေ ပိုင်စေသီချင်းဖြင့် သီကျူးပူဇော်ကြသည်။

ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော် သံဃာတော်များအား မနောရမ္မသာသနာ့ဗိမာန်တော်အတွင်း နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

အလှူငွေများ ပေးအပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးထံ မဟာတေဇမုနိစေတီတော်အတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် သာယာကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသော ပရိသတ်များက အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သာဓုသုံးကြိမ် ခေါ်ဆိုလျက် မင်္ဂလာငွေခရုနှင့် အောင်စည် အောင်မောင်းတို့ကို ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

ထို့နောက် အခမ်းအနားမှူးက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူမည့် အစီအစဉ်များကို ဆရာတော် သံဃာတော်များအား ကြိုတင်လျှောက်ထားသည်။

အလှူငွေပေးအပ်

ယင်းနောက် မဟာတေဇမုနိစေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ အလှူရှင်များဖြစ်ကြသည့် Myanmar Land & Development Ltd. နှင့် အကျိုးတူ Myanmar Private Ltd. နှင့် Myanmar Brewery Ltd. တို့က ငွေကျပ်သိန်း ၅၀ စီ၊ စစ်တက္ကသိုလ်အပတ်စဉ်(၉)က ငွေကျပ်၄၅ သိန်း၊ Victory Co., Ltd.နှင့် Ayeyarwaddy Group Co., Ltd. တို့က ငွေကျပ်သိန်း ၄၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လက်ခံ

ဆက်လက်၍ နှင်းဝဏ်ကုမ္ပဏီက ငွေကျပ်သိန်း ၃၀၊ ဗိုလ်မှူးကြီးမြင့်အောင် (ငြိမ်း)နှင့်ဇနီးမိသားစုတို့က ဓမ္မာရုံရှိ ဆင်းတုတော်အတွက် တန်ဖိုးငွေကျပ်သိန်း ၃၀၊ ဦးတင်ထွန်း (စိတြကုမ္ပဏီ)က ငွေကျပ် ၂၈ သိန်း၊ ဦးတေဇ(ထူးထရေးဒင်း)က ငွေကျပ် ၂၆၄၇၀၇၀၊ Silver Moon Co., Ltd. က ငွေကျပ်၂၅ သိန်း၊ ဦးအောင်ဖြိုးမင်း Green Flower Co., Ltd. က ငွေကျပ်သိန်း ၂၀၊ ဒေါ်စိန်စိန်ရီ (အေးမြချမ်းသာကုမ္ပဏီ)က ငွေကျပ်သိန်း ၂၀၊

စေတနာစာသင်ဝိုင်းအတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသောတက္ကသိုလ်ဝင်တန်း စေတနာစာသင်ဝိုင်းမှ ကျောင်းသားကျောင်းသူများအား စာမေးပွဲဖြေဆိုရန် အထောက်အကူပြုပစ္စည်းများပေးအပ်ပွဲနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီက ရန်ကုန်တိုင်း စစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ပြီး ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရင်သွေးငယ်များ ပညာရည်မြင့်မားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စေတနာ စာသင်ဝိုင်းအတွက် အလှူရှင် ဦးစိုးသိန်း သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း မိသားစု (နေအောင်ကုမ္ပဏီ)က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို လက်ခံ၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအား စာမေးပွဲ အထောက်အကူပြု ပစ္စည်းများကို ပေးအပ်သည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသူတစ်ဦးအား စာမေးပွဲ အထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

လက်ဆောင်ပေး

ယင်းနောက် ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မေလတ်က စေတနာစာသင်ဝိုင်း၌ မေတ္တာဖြင့် သင်ကြားပြသပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ကျောင်းသားကျောင်းသူများကိုယ်စား မောင်ဇင်အောင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်တော်ကားထုတ်လုပ်မှု လုပ်ငန်းခွင်

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နစ်ဆန်းမော်တော်ကား ထုတ်လုပ်မှု လုပ်ငန်းခွင်တစ်နေရာကို မတ် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ထောက်လှမ်းရေး အသိဉာဏ်ကင်းမဲ့ ဘိုလစ်ဗီးယားသမ္မတ မိုရယ်လက်ဝေဖန်ပြောကြား

လီမာ မတ် ၄

ဘိုလစ်ဗီးယားနိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့တွင် ဒီမိုကရေစီ ဆိတ်သုဉ်းမည့် အန္တရာယ်ရှိနေသည်ဆိုသည့် အမေရိကန်ထောက်လှမ်းရေး ထိပ်တန်းအရာရှိတစ်ဦးအား ဘိုလစ်ဗီးယားသမ္မတ မိုရယ်လက်က မတ် ၁ရက်က ဝေဖန်ပြောကြားလိုက်ကြောင်း ဘိုလစ်ဗီးယားနိုင်ငံ လာပက်ဇ်မှ လာသောသတင်းအရ သိရသည်။

အမေရိကန် အထက်လွှတ်တော်တွင် အမေရိကန်အမျိုးသားထောက်လှမ်းရေးညွှန်ကြားရေးမှူး မိုက်ကယ်မက်ကောနဲ အခိုင်အမာပြောဆို စွပ်စွဲမှုကို ဘိုလစ်ဗီးယားသမ္မတ မိုရယ်လက်က တုံ့ပြန်ဝေဖန်လိုက်ခြင်း ဖြစ်သည်။

ဖုံးကွယ်ထား

သမ္မတမိုရယ်လက်က ဆက်လက်ပြောကြားရာတွင် အမေရိကန် ထောက်လှမ်းရေးမှာ အသိဉာဏ်ကင်းမဲ့ကြောင်း၊ အဘယ်ကြောင့် ဆိုသော် သူတို့သည် အမေရိကန် အစိုးရကိုသာ လိမ်နေသည် မဟုတ်ပဲ၊ တာဝန်မဲ့ကြေညာချက်များ ထုတ်ကာ ကမ္ဘာကြီးကိုပင် တမင်သတင်းမှားများ ပေးနေကြောင်း၊ ၎င်းတို့ ထုတ်ပြန်သည့် ကြေညာချက်များမှာ မှားယွင်း၊ အကွက်ဆင်ထားပုံမျှမက မိမိတို့ တည်ဆောက်နေသည့် ဒီမိုကရေစီကို မတည်မငြိမ်ဖြစ်အောင် ဖန်တီးသည့် တကယ့် ရည်ရွယ်ချက်ကိုလည်း ဖုံးကွယ်ထားကြောင်း ထည့်သွင်း ပြောကြားလိုက်သည်။

ပယ်ချ

ဘိုလစ်ဗီးယားနိုင်ငံမှ အစိုးရမဟုတ်သော အင်ဂျီအိုအဖွဲ့အစည်းများကလည်း အမေရိကန်အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး မိုက်ကယ်မက်ကောနဲ၏ အကဲဖြတ်ဝေဖန်ချက်များကို ပယ်ချကြောင်း ကြေညာချက်များ ထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နှင့်ရုရှား နှစ်နိုင်ငံ ကုန်သွယ်မှု ဒေါ်လာ ခုနစ်ဘီလီယံခန့်ရှိနေ

မော်စကို မတ် ၄

တရုတ်နှင့်ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာခဲ့ကြောင်း၊ ထိုသို့ တိုးတက်ခဲ့မှုမှာ မကြာခင်နှစ်များက စတင်ပြီး ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ကုန်သွယ်ရေးတိုးတက်မှုများကို ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း တရုတ်ကုန်သွယ်ရေး ဒုတိယဝန်ကြီး ယူဂန်ကျို့က မော်စကိုမြို့တွင် မတ်၁ ရက်ကကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားလိုက်သည်။

ပြောကြား

တရုတ်နှင့်ရုရှား နှစ်နိုင်ငံအကြား ပြီးခဲ့သည့်နှစ်က နယ်စပ်ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ထိုသို့ နယ်စပ်ကုန်သွယ်မှုမှာ နှစ်နိုင်ငံ ကုန်သွယ်မှု အားလုံး၏ ၂၀ ရာခိုင်နှုန်းရှိကြောင်း ၎င်းက ပြောကြားသည်။

တိုးတက်ခဲ့

နှစ်နိုင်ငံကုန်သွယ်မှုသည် ၁၉၉၉ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း နှစ်စဉ် ၃၀ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း တရုတ်ကုန်သွယ်ရေး ဒုတိယဝန်ကြီး ယူဂန်ကျို့က ပြောကြားသည်။

ကုန်သွယ်ဖက်

ရုရှားနိုင်ငံသည်ယခုအခါ တရုတ်နိုင်ငံ၏ ရှစ်နိုင်ငံမြောက် ကုန်သွယ်ဖက်နိုင်ငံဖြစ်လာသလို တရုတ်နိုင်ငံသည်လည်း ရုရှားနိုင်ငံ၏ လေးနိုင်ငံမြောက် ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာသည်။

ရင်းနှီးမြှုပ်နှံ

ရုရှားနိုင်ငံ၏ စီမံကိန်း ၇၀၀ကျော်တွင် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားရာ အမေရိကန် ဒေါ်လာ တစ်ဘီလီယံကို ထပ်မံရင်းနှီး မြှုပ်နှံထားပြီး ရုရှားကလည်း တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်း၇၀ခန့် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာကြီးပူနွေး၍ ရေမျက်နှာပြင် မြင့်တက်မှု ဘာရာဗီးပြည်သူတို့အား ခြိမ်းခြောက်

ရီယိုဒီဂျနေးရိုး မတ် ၄

ဘာရာဇီးနိုင်ငံ၌ ပျမ်းမျှအပူချိန် လေးဒီဂရီဆဲလ်စီးရပ်စ် မြင့်တက်လာမှုသည် ၂၁၀၀ ပြည့်နှစ်တွင် ပင်လယ်ရေမျက်နှာပြင်မှာ မီတာဝက် မြင့်တက်လာနိုင်ပြီး ကမ်းခြေဒေသနေ ဘာရာဇီးပြည်သူ ၄၂ သန်းတို့အား ခြိမ်းခြောက်နေကြောင်း ဘာရာဇီး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၂၇ ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ယင်းအစီရင်ခံစာသည် မိုးလေဝသခန့်မှန်းရေးနှင့် ရာသီဥတုဆိုင်ရာ ဌာန၊ အမျိုးသား အာကာသ သုတေသနတို့က ၂၀၀၄-၂၀၀၆ခုနှစ်အတွင်း ပြုလုပ်ခဲ့သော သုတေသနပြုလုပ်ချက်များအပေါ်တွင် အခြေခံထားသည်။

ပူနွေးလာမှု

ထိုကာလအတွင်း သစ်တောများ ပြုန်းတီးခြင်းနှင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှင့်မှုသည် အမေဇုန် မုတ်သုံသစ်တော၏ အပူချိန်ကို ရှစ်ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်နိုင်ကြောင်း၊ အတ္တလန္တိတ် သမုဒ္ဒရာသည် ဘာရာဇီးကမ်းခြေတွင် တစ်ရာစုလျှင် ပျမ်းမျှ ၄၀စင်တီမီတာ တိုးလာနေကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ယခုရာစုနှစ်အတွင်း ပင်လယ်ရေမျက်နှာပြင်မှာ ၅၀စင်တီမီတာအထိ ရောက်ရှိနိုင်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လေဆင်နှာမောင်းတိုက်ခတ်

အမေရိကန်နိုင်ငံ တောင်ပိုင်း အာလာဘားမားပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို မတ် ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အင်တာနက် - ကျန်းမာရေး

အာဖရိက ကလေးများကို ရည်ရွယ်သည့် ငှက်ဖျားဆေး စတင်ဖြန့်ဖြူး

ပါရီ မတ် ၄

တန်ဖိုးနည်းသည့် ငှက်ဖျားတိုက်ဖျက်ရေး ဆေးသစ်တစ်မျိုးကို ဥရောပတွင် စတင်ဖြန့်ဖြူးနေပြီဖြစ်သည်။ ငှက်ဖျားရောဂါ ဖြစ်ပွားသည့် အာဖရိကတိုက် ဆာဟာရ သဲကန္တာရအောက်ပိုင်းဒေသများမှ ထောင်ပေါင်းများစွာသော ကလေးသူငယ်များအား အဓိက ဦးတည်ဖြန့်ဖြူးခြင်းဖြစ်သည်။

ဖြန့်ဖြူး

ငှက်ဖျားရောဂါ တိုက်ဖျက်ရေးတွင် အောင်မြင်ပြီးဖြစ်သည့် ဆေးဝါးနှစ်မျိုးကို ပေါင်းစပ်ကာ ပြင်သစ်နိုင်ငံ ပါရီမြို့၌ စတင်ဖြန့်ဖြူးခြင်းဖြစ်သည်။

ငှက်ဖျားရောဂါ ဖြစ်ပွားခြင်းကြောင့် တစ်ကမ္ဘာလုံးတွင် နှစ်စဉ် လူသုံးသန်းအထိ သေဆုံးသည်။ အများစုမှာ အာဖရိကတိုက်မှဖြစ်သည်။

ထုတ်လုပ်နိုင်မည်

အာဖရိကတိုက်မှ ကလေးသူငယ် တစ်သန်းကျော်တို့ ငှက်ဖျားရောဂါကြောင့် နှစ်စဉ်သေဆုံးသည်။ အာဖရိကမှ (ငါး)နှစ်အောက် ကလေးသူငယ် ၃၀၀၀ တို့ နေ့စဉ်ငှက်ဖျားရောဂါ ကူးစက်ခံနေကြရသည်ဆို၏။ ဆေးကိုဈေးနှုန်းသက်သာစွာ ရောင်းချမည်ဖြစ်ပြီး မူပိုင်တင်မထားပေ။ သို့မှသာ အခြားကုမ္ပဏီများလည်း ယင်းဆေးကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

သွားဖုံးရောဂါ ကုသမှု နှလုံးရောဂါကာကွယ်ရေး အထောက်အကူပြု

လန်ဒန် မတ် ၄

သွားဖုံးရောဂါကုသခြင်းက သွေးကြောကျန်းမာရေးကို တိုးတက်ကောင်းမွန်စေနိုင်ကြောင်း သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိထားသည်ဆိုသည်။

ကူးစက်ရောဂါ

သွားဖုံးရောဂါ (ရေစီးကမ်းပြိုနာ)သည် **(အောက်ပုံ)** ကမ္ဘာတစ်ဝန်းရှိ သက်ကြီးရွယ်အို ၄၀ရာခိုင်နှုန်းကို ဖြစ်ပွားစေသည့် ဘက်တီးရီးယားပိုး ကူးစက်ရောဂါတစ်မျိုးပင် ဖြစ်သည်။

သွားဖုံးရောဂါ ကုသခြင်းကြောင့် သွေးကြောများ ကောင်းမွန်စေပြီး နှလုံးရောဂါနှင့်လေဖြတ်ရောဂါတို့ကို ကာကွယ်ရန် အထောက်အကူပေးကြောင်း အမေရိကန်နှင့်ဗြိတိန် သိပ္ပံပညာရှင်များက နယူးအင်္ဂလန် ဆေးပညာဂျာနယ်တွင် ရေးသားထားသည်။ **(အင်တာနက်)**



ဂရိ တိုက်လေယာဉ်တစ်စင်း လေတပ်အခြေစိုက်စခန်းအနီး ပျက်ကျ

အေသင် မတ် ၄

ဂရိနိုင်ငံ လေတပ်စခန်းမှ ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၇ ရက်က တန်နာဂရာ လေတပ်စစ်အခြေစိုက်စခန်းအနီး၌ ပျက်ကျခဲ့ကြောင်း လေယာဉ်မှူးမှာ ဘေးကင်းစွာ လွတ်မြောက်ခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

သတင်းပေးချက်

တန်နာဂရာလေတပ်စခန်းမှ ပျံသန်းလာရာ အီဗိုကော့စ် ပင်လယ်ကွေ့ဒေသရှိ ချီပက်စ်တောင်အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏သတင်းပေးချက်အရ အဆိုပါသတင်း၌ ဖော်ပြသည်။

၎င်းလေယာဉ်သည် ရုတ်တရက် စက်ချွတ်ယွင်းရာမှ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း လေတပ်အခြေစိုက်စခန်း၏ သတင်းအရ သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

Gold Lion Wire Co., Ltd. စက်ရုံသစ် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း ဆိုင်းဘုတ် စက်ခလုတ်နှိပ်ဖွင့်လှစ်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၃) ဖန်ချက်ဝန် ဦးရွှေအိုးလမ်းရှိ Gold Lion Wire Co., Ltd. စက်ရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးချီးမြှင့်ပြီး ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် တာဝန်ရှိသူများ Gold Lion Wire Co., Ltd. စက်ရုံသစ်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တက်ရောက်

စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စက်ရုံအုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များနှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါစက်ရုံရှေ့၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယ တရားသူကြီးချုပ် ဦးသိန်းစိုး၊ စက်ရုံအုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးခိုင်(ခေါ်) ဦးချိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မျိုးလင်းတို့က စက်ရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက ကုမ္ပဏီဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် စက်ရုံခန်းမ၌ ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မျိုးလင်းက ကုမ္ပဏီဖြစ်ပေါ်လာပုံအကျဉ်းနှင့် ကျေးဇူးတင်စကားပြောကြားပြီး စက်ရုံသစ်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် စက်ရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ဂုဏဝိသိဋ္ဌပူဇာသဘင်ကျင်းပ

ရန်ကုန် မတ် ၄

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော် သံဃာတော်များ ထံမှ မဟာစည်နှင့်ဆက်နွှယ်လျက်ရှိသော ဆရာတော်များအား ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးစောင့်ရှောက်ရေးအဖွဲ့ အဖွဲ့ကြီး သုံးဖွဲ့တို့က ချီးကျူးဂုဏ်ပြုပူဇော်ပွဲ၊ ဂုဏဝိသိဋ္ဌပူဇော်ပွဲ မင်္ဂလာသဘင်ကို (၁၃၆၈ခု တပေါင်းလပြည့်ကျော် ၁ရက်) မတ် ၃ရက် (စနေနေ့) မွန်းတည့် ၁၂နာရီက ပူဇာစ ပူဇနေယျာနံဟူသော မင်္ဂလာတရားတော်နှင့်အညီ ချီးမြှောက် လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဘွဲ့ခံဆရာတော် သံဃာတော်များနှင့် ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာဆရာတော် ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက)က ပရိသတ်များအား ပရိတ်တရားချီးမြှင့်၍ ရေစက်သွန်းချ အမျှအတန်းပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(က-ပ)**

အော်တိုတယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ တိုးချဲ့ဆောင်ရွက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လုပ်ငန်းဆောင်ရွက်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၂ရက် နံနက်ပိုင်းက မြန်မာအင်ဖိုတက်ချ်သို့ ရောက်ရှိပြီး Knowledge Basic Website ဖြစ်သော e-Library စနစ်ဆောင်ရွက်ထားရှိမှုနှင့် Information Basic Website ဖြစ်သော ခေတ်လူငယ် ဝက်ဘ်ဆိုက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး လုပ်ငန်းများအား အရည်အသွေးပြည့်မီ၍ ပြည်သူလူထုနှင့် ကျောင်းသူ ကျောင်းသား၊ လူငယ်များ အလွယ်တကူအသုံးပြုနိုင်ရန်နှင့် သတ်မှတ်ချိန်တွင် ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

စစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းနှင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လျင်မြန်မှုနှင့် လုံခြုံမှုရှိရေးကို ဦးစားပေးဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ အော်တိုတယ်လီဖုန်းဆက်သွယ်ရေးလိုင်းများ တိုးချဲ့ဆောင်ရွက်ရေး စီမံချက်အား စစ်ဆေးရာ အင်ဂျင်နီယာချုပ်က ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရန်နှင့် ရန်ကုန်တယ်လီဖုန်းစနစ်များ တိုးတက်ကောင်းမွန်ရေးအတွက် စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် မတ် ၃ရက် ညနေပိုင်းတွင် ဝန်ကြီးသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ဆောင်သို့ ရောက်ရှိပြီး လေဆိပ်တိုးချဲ့ဆောင်၌ ဆက်သွယ်ရေးစနစ်များ တပ်ဆင်ထားရှိမှုများကို စစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ဝန်ကြီးက အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ဆောင်အတွက် လိုအပ်သော ဆက်သွယ်ရေးစနစ်များအားလုံး နိုင်ငံတကာ အဆင့်အတန်းမီစွာ တပ်ဆင်ပေးရန်အတွက် အသေးစိတ် ဖြည့်ဆည်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သင့်သွေးဖြင့် အသက်ကယ်ပါ။

ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တပညာဇောတအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၄

နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်း ပရိယတ္တိစာသင်စာချကျောင်းတိုက် ဂဏဝါစကစာချ တိုက်ကြပ်ဆရာတော် ဘဒ္ဒန္တ ပညာဇောတအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲကို ယနေ့ မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာတိုက်ရှိ ရန်ကုန် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ပျဉ်းမနားမြို့ ကျက်သရေဆောင် မဟာဝိသုတာရာမ စျေးကုန်းကျောင်း ပရိယတ္တိစာသင်စာချ ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရက ငါးပါးသီလချီးမြှင့်တော်မူပြီး ပူဇော်ပွဲကျင်းပရခြင်းအကြောင်းကို မင်္ဂလာ စျေးမှ ဦးစိန်ဝင်းက ဖတ်ကြားလျှောက်ထား၍ ဘွဲ့တံဆိပ်တော်ရဆရာတော်၏ ထေရုပ္ပတ္တိကို မဟာစည် နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တတေဇောဘာသက ဖတ်ကြားပူဇော်သည်။

ထို့နောက် ရွှေလိပ်ပြာအိမ်ရာ ဝတ်အသင်းက ရှစ်လုံးဘွဲ့ကဗျာဖြင့် လည်းကောင်း၊ အနုပညာဦးစီးဌာနမှ ဦးမြင့်စိန်နှင့်အဖွဲ့က တေးထပ်ဖြင့် လည်းကောင်း သီကျူးပူဇော်ကြသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရထံမှ ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် ရန်ကုန်မြို့ရှိ ဟိုတယ်စီမံကိန်းကြည့်ရှုစစ်ဆေး ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းသားများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲပိုင်းက L.P Holding Co., Ltd. က ဆောက်လုပ်လျက်ရှိသော ရန်ကုန်မြို့ Hotel Sofitel တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေး မှာကြားသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် ဝန်ကြီးသည် အမှတ်(၄၀/၄၂) ဗိုလ်ဆွန်ပက်လမ်းရှိ ယမကာလုပ်ငန်းဌာန အောက်မြန်မာပြည် လုပ်ငန်းဌာနခွဲနှင့် ရန်ကုန်လုပ်ငန်းခွဲရုံးများသို့ သွားရောက်၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝန်ကြီးသည် ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း သင်တန်းခန်းမ၌ ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၇)သို့ တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများအား တွေ့ဆုံကာ ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသင်တန်းမှာ ရက်သတ္တခုနစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၁၀၈ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၇)သို့ တက်ရောက်လျက်ရှိသော သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားစဉ်။ (ဟိုတယ်/ခရီး)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ (မြန်မာ့အလင်း)

သီတင်းတစ်ပတ်အတွင်း ကမ္ဘာတစ်ဝန်း၌ သတင်းဖြစ်ရပ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့သည်။ အချိန်နှင့်အမျှ ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့သတင်းဖြစ်ရပ်များမှအချို့ကိုစုစည်းပြီး မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

ဖေဖော်ဝါရီ ၂၆ ရက်

– အီရန်နိုင်ငံအတွက် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကို ရုရှားနိုင်ငံက ဆိုင်းငံ့ထားလိုက်ကြောင်း ရုရှားအစိုးရက သတင်းထုတ်ပြန်လိုက်သည်။ ရုရှားနိုင်ငံက နျူကလီးယားဓာတ်အားပေးစက်ရုံကို ယခင်က ယခုမတ်လတွင် စတင်တည်ဆောက်မည်ဟု သတ်မှတ်ထားခဲ့သော်လည်း အီရန်နိုင်ငံအနေဖြင့် ကျသင့်သောငွေကြေးများကို အပြည့်အဝမပေးချေ၍ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

– ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံအကြား နယ်စပ်၌ အရှည်မိုင် ၁၇၀ အနက် ၂၂ မိုင်ကို တံတိုင်းခတ်တည်ဆောက်တော့မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံက သတင်းထုတ်ပြန်လိုက်သည်။ တံတိုင်းခတ်ရခြင်းမှာ အကြမ်းဖက်တိုက်ခိုက်ရေးသမားများ အဝင်အထွက်ကို ဟန့်တားရန်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ ရက်

– တရုတ်နိုင်ငံက လေစွမ်းအင်ထုတ်ယူရေးအတွက် ပြည်တွင်းဖြစ် လေဒလက်များကို ထုတ်လုပ်လိုက်သည်။ ၎င်းလေဒလက်များသည် အရှည် ၃၇ ဒသမ ၅ မီတာရှည်သဖြင့် ယခင်ထုတ်ခဲ့ပြီးသမျှ လေဒလက်များထက် ပိုမိုကြီးမားရှည်လျားသည်။ တရုတ်က လေအားမှ လျှပ်စစ်စွမ်းအင်ထုတ်ယူရန် အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

– အိန္ဒိယနိုင်ငံ မဒရပ်မြို့တွင် နစ်ဆန်းနှင့် မဟိဒရာမော်တော်ယာဉ်လုပ်ငန်းတို့ ပူးတွဲပြီး အမေရိကန်ဒေါ်လာ သန်း၉၀၀ အကုန်အကျခံမည့် မော်တော်ယာဉ်ထုတ်လုပ်ရေး စက်ရုံတစ်ခုကို တည်ထောင်ရန် သဘောတူလိုက်သည်။ ၎င်းစက်ရုံကို ၂၀၀၉ ခုနှစ်တွင် အပြီးတည်ဆောက်ပြီး တစ်နှစ်လျှင် မော်တော်ယာဉ်အစီး လေးသိန်းထုတ်လုပ်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၈ ရက်

– ဂျပန်နိုင်ငံမြို့တော် တိုကျိုတွင် ယခုနှစ်ဆောင်းရာသီ၌ ဆီးနှင်း လုံးဝမကျခဲ့ကြောင်း၊ ယင်းမှာ ဒီဇင်ဘာလနှင့် ဖေဖော်ဝါရီလအတွင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်းရာသီ ဆီးနှင်းမကျခြင်းမှာ နှစ်ပေါင်း ၁၃၁ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနက သတင်းထုတ်ပြန်လိုက်သည်။

– ဟေတီကမ်းလွန်တွင် သင်္ဘောတစ်စင်းမီးလောင်ခဲ့ရာ သင်္ဘောပေါ်မှ ခရီးသည် ၅၂ဦး သေဆုံးခဲ့ပြီး သင်္ဘောလည်း နစ်မြုပ်ခဲ့ကြောင်း၊ သင်္ဘောမီးလောင်မှုမှာ မတော်တဆဖြစ်ကြောင်း ဟေတီကမ်းခြေလုံခြုံရေးတပ်ဖွဲ့မှ ပြောကြားသည်။

မတ် ၁ ရက်

– ဥရောပလေယာဉ် ထုတ်လုပ်ရေးလုပ်ငန်းဖြစ်သည့် အဲဘတ်စ်လေကြောင်းလုပ်ငန်းက လာမည့်လေးနှစ်အတွင်း အလုပ်သမားတစ်သောင်းလျှော့ချသွားရန် ကြေညာလိုက်သည်။ ထိုသို့ အလုပ်သမားများလျှော့ချခြင်းကြောင့် ၂၀၁၀ ပြည့်နှစ်အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံ သက်သာသွားမည်ဖြစ်ပြီး ကုန်ကျစရိတ်များ ကာမိသွားမည်ဖြစ်ကြောင်း အဲဘတ်စ်က သတင်းထုတ်ပြန်သည်။

– ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံ နယ်စပ်တွင် ကြယ်ငါးပွင့်အဆင့်ရှိသော ဟိုတယ်ကြီးတစ်ခုကို အမေရိကန်ဒေါ်လာ သန်း၁၀၀ အကုန်အကျခံကာ ရင်းနှီးမြှုပ်နှံ တည်ဆောက်သွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံက သတင်းထုတ်ပြန်လိုက်သည်။ ထိုဟိုတယ်ကြီးတွင် ဂေါက်ကွင်း၊ သတင်းပြန်ကြားရေးဌာန၊ အားကစားခန်းမ၊ ဖျော်ဖြေရေးခန်းမနှင့် စူပါမားကက်များလည်း ပါဝင်မည်ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။

မတ် ၂ ရက်

– ကမ္ဘာတစ်ဝန်းတွင် ဦးနှောက်ပိုင်းဆိုင်ရာ ရောဂါများသည် စိတ်မနှံ့ခြင်း၊ ရူးသွပ်ခြင်းနှင့် ဝက်ရူးပြန်ခြင်းကဲ့သို့သော ရောဂါဝေဒနာခံစားနေရသူများမှာ လူဦးရေ တစ်ဘီလီယံခန့် ရှိကြောင်း ကုလသမဂ္ဂကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က သတင်းထုတ်ပြန်လိုက်သည်။

– ဂျာမနီနိုင်ငံက ဂျုံမှထုတ်ယူရရှိမည့် ဘိုင်အိုအီသနောထုတ်လုပ်ရေးစီမံကိန်းကို အမေရိကန်ဒေါ်လာ ၁၇၂ သန်း အကုန်အကျခံကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ဂျာမနီနိုင်ငံအနေဖြင့် စွမ်းအင်လိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်းဖြည့်ဆည်းမှုဖြစ်သည့် ၎င်းစီမံကိန်းကို စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး လာမည့် ၂၀၂၀ ပြည့်နှစ်၌ ဘိုင်အိုအီသနောမှ ဇီဝလောင်စာရရှိမှုမှာ နိုင်ငံ့စွမ်းအင်လိုအပ်မှု၏ ၁၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည်ဟု ၎င်းသတင်း၌ ဖော်ပြသည်။

မတ် ၃ ရက်

– နီပေါနိုင်ငံသုံး ငွေစက္ကူများဖြစ်သည့် ၁၀၀၀ တန်၊ ၅၀၀ တန်နှင့် ၁၀ တန် ရူပီးငွေစက္ကူနှင့် အကြွေများတွင် နီပေါဘုရင်ပုံကိုဖယ်ရှားကာ နီပေါနိုင်ငံအထိမ်းအမှတ် ဧဝရက်တောင်၏ပုံကို အစားထိုးရန် နီပေါအစိုးရက ဆုံးဖြတ်လိုက်သည်။

– ပါကစ္စတန်နိုင်ငံက နျူကလီးယားထိပ်ဖူးတပ် တာတိုပစ်ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်လိုက်သည်။ ၎င်းဒုံးကျည်သည် ၁၂၅ မိုင်အကွာအဝေးကို အောင်မြင်စွာ ပစ်ခတ်နိုင်သော ဒုံးကျည်ဖြစ်သည်။ (ယာပုံ)

မတ် ၄ ရက်

– နေဂြိုဟ်အား လေ့လာမှုပြုရန် နာဆာအဖွဲ့က လွှတ်တင်ထားသော နေဂြိုဟ်လေ့လာရေး အာကာသယာဉ်မှ ပုံရိပ်နှစ်ခုကို မြေပြင်စခန်းသို့ ပြန်လည်ပေးပို့လိုက်သည်။ ၎င်းဓာတ်ပုံနှစ်ပုံတွင် နေဂြိုဟ်၌ ပေါက်ကွဲမှုများဖြစ်ပေါ်နေပုံကို အသေးစိတ် လေ့လာနိုင်သည့်အပြင် နေဂြိုဟ်အနီးဝန်းကျင်၌ ဖြစ်ပေါ်နေသော ရာသီဥတုအနေအထားကိုလည်း လေ့လာသုံးသပ်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း နာဆာအဖွဲ့မှ သတင်းထုတ်ပြန်လိုက်သည်။

– ဩစတြေးလျနိုင်ငံက ရေလှိုင်းအားအသုံးပြု လျှပ်စစ်ဓာတ်အားထုတ်ယူရေး တည်ဆောက်မှုလုပ်ငန်းကို ဆစ်ဒနီမြို့တောင်ဘက် ဝိုလ်လုန်ဂွန်မြို့အနီး ကမ်းလွန်တွင်လုပ်ကိုင်ခဲ့ရာ အောင်မြင်မှုရကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ၎င်းရေလှိုင်းအား လျှပ်စစ်စွမ်းအင်ဖြင့် ဆစ်ဒနီမြို့နေအိမ်များသို့ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးနေပြီဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။ ။

(ကိုးကား–အင်တာနက်)

မြန်မာ့အလင်း အင်တာနက် သတင်းအတိုအထွာ

ကူဝိတ်နိုင်ငံ၌ ကြက်တစ်ကောင်နှင့် ကြိုးကြာနီတစ်ကောင်တို့တွင် H5 N1 ရောဂါပိုးတွေ့ရှိပြီး သေဆုံးခဲ့ကြောင်း၊ ၄က် ၄၁ ကောင် ယင်းရောဂါကူးစက်ခံနေရကြောင်း ကူဝိတ် ကျန်းမာရေးဝန်ကြီးက ပြောကြားသည်ကို မတ် ၄ ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လွန်ခဲ့သောခြောက်နှစ်က ပိုလီယိုကင်းစင်သည့် နိုင်ငံဖြစ်ခဲ့ပြီးနောက် ယမန်နှစ်က ယင်းရောဂါ ပြန်လည်ခေါင်းထောင်လာကြောင်း၊ မတ် ၄ ရက်၌ ဘင်္ဂလားဒေ့ရှ်ကလေးငယ် ၂၄ သန်းအား ပိုလီယိုရောဂါအမြစ်ပြတ်ချေမှုန်းရေး ကြိုးပမ်းမှုတစ်ရပ်အဖြစ် ကာကွယ်ဆေးများတိုက်ကျွေးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

လွန်ခဲ့သော ၁၀ လအတွင်း ပါကစ္စတန်နိုင်ငံသို့ မှောင်ခိုရောက်ရှိလာသည့် နိုင်ငံပေါင်း ၄၆ နိုင်ငံမှ မူပိုင်ခွင့်ချိုးဖောက်သည့် ကူးခွေ စီဒီချပ်ပေါင်း သန်း၂၀၀ ကို ပါကစ္စတန်ရဲအဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း မတ် ၃ ရက် အင်တာနက်တွင် ဖော်ပြသည်။

ကွမ်တက်စ်လေကြောင်းလိုင်းရှိ ခရီးသည်များ၏ လက်ဆွဲအိတ်များ ရှင်းလင်းရေးလုပ်ငန်း၌ လုပ်ကိုင်နေသော ဩစတြေးလျနိုင်ငံသား ပီတာဆင်ဆိုသူသည် အမျိုးသမီးတစ်ဦး၏ ခရီးဆောင်အိတ်ထဲမှ ဆံပင်ခိုးယူမှုဖြင့် ဗစ်တိုးရီးယား တရားရုံးတစ်ရုံး၌ ထောင်ဒဏ်နှစ်နှစ် ချမှတ်လိုက်ကြောင်း မတ် ၃ ရက်က အင်တာနက်သတင်း၌ တွေ့ရသည်။

ကမ္ဘာ့ဒုတိယဆန်အများဆုံး တင်ပို့ရောင်းချသော ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမနှစ်လတွင် ဆန်တန်ချိန် ၃၁၆၀၀၀ ကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ယင်းမှာ ယခင်နှစ် အလားတူလများကထက် တင်ပို့မှုကျဆင်းခဲ့ကြောင်း ဗီယက်နမ် ဗဟိုစာရင်းအင်းရုံးမှ သတင်းထုတ်ပြန်ကြေညာခဲ့သည်ကို မတ် ၂ ရက်က အင်တာနက်သတင်းတွင် ဖတ်ရှုရသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များအား ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံသား ၁၆ဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိသွားကြောင်း မတ် ၄ ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ဟော့ပိတ် သတင်း

မတ် ၃ ရက် ညသန်းခေါင်ယံ၌ အပြည့်အဝ လကြတ်ခြင်းဖြစ်ပေါ်ခဲ့

လန်ဒန် မတ် ၄

မတ် ၃ ရက် (စနေနေ့) ညပိုင်းက အပြည့်အဝ လကြတ်ခြင်းဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းကဲ့သို့ လအပြည့်အဝကြတ်ခြင်းကို နှစ်အတန်ကြာတွင် ဖြစ်ပေါ်ခဲ့ရာ ကြည့်ရှုသူများသည် ထိုလကြတ်ခြင်းကို အကောင်းဆုံးမြင်ကွင်းအနေဖြင့် ကြည့်ရှုခဲ့ကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ (အပေါ်ပုံ)

အနီရောင်

အဆိုပါ လကြတ်ခြင်းသည် ထိုနေ့ည သန်းခေါင်ယံအချိန် ဂရင်းနစ်စံတော်ချိန် ၂၀ နာရီ ၁၈ မိနစ်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂရင်းနစ်စံတော်ချိန် ၂၂ နာရီ ၄၄ မိနစ်နှင့် ၂၃ နာရီ ၅၈ မိနစ်ကာလအတွင်း အပြည့်အဝ လကြတ်ခြင်းဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ လကြတ်မှုဖြစ်ပေါ်စဉ်အတွင်း လသည် အနီရောင်အဆင်းကို ဆောင်ခဲ့ကြောင်း သိရသည်။

ယင်းလကြတ်ခြင်းကို ဥရောပနိုင်ငံများအားလုံး၊ အာဖရိက၊ တောင်အမေရိက၊ အမေရိကန်နှင့် ကနေဒါနိုင်ငံ အရှေ့ပိုင်းဒေသများမှ မြင်တွေ့ခဲ့ကြသည်ဟု ဆိုသည်။

မြင်တွေ့ရမည်

နောက်ဆုံးအကြိမ် အပြည့်အဝ လကြတ်ခြင်းကို ၂၀၀၄ ခုနှစ်အတွင်း၌ ဗြိတိန်နိုင်ငံမှ မြင်တွေ့ခဲ့ရကြောင်း၊ နောက်တစ်ကြိမ် လကြတ်ခြင်းကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အနောက်ဥရောပမှ မြင်တွေ့ရဦးမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

စပါးအပြင် အစေ့ထုတ်ပြောင်း၊ နှစ်ရှည်ပင်နှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းကြိုးပမ်း တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မက်မန်းဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ရက် နံနက် ၇နာရီခွဲက မက်မန်းမြို့နယ် မင်းရန်အောင်ခန်းမ၌ ကျင်းပသော မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း စက်ချုပ်သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မက်မန်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကေသီရွှေက စက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှက အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းပြီး ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြင့်အောင်က အဝတ်အထည်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကလေးငယ်များ ပညာ သင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းဝတ်စုံများနှင့် အာဟာရမုန့်များ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဂြိုဟ်တုဆက်သွယ်ရေးတယ်လီဖုန်း

ယင်းနောက် တိုင်းမှူးသည် မက်မန်းမြို့နယ် ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းစခန်းဖွင့်ပွဲသို့ တက်ရောက်ရာ အစီအစဉ်အရ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးညီညီက မက်မန်းမြို့နယ်တွင် ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းစခန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး မက်မန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အတွင်းရေးမှူး ဦးအက်စ်ဝေလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ပြည်နယ်ဆက်သွယ်ရေးလုပ်ငန်း မန်နေဂျာ ဦးညီညီနှင့် မက်မန်း မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးတို့က ဂြိုဟ်တုဆက်သွယ်ရေး တယ်လီဖုန်းစခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် စခန်းအတွင်း လှည့်လည်ကြည့်ရှု၍ တယ်လီဖုန်းများ ဆက်သွယ်ပြောဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် အရှည် ၂၇ မိုင်ရှိ မက်မန်း-နမ်ဟန်နု-ဝိန်းနောင် ကားလမ်း အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သံလျင်မြစ်ကူး-ဝိန်းနောင်ကူးတို့ဆိပ်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ တိုင်းမှူးသည် မက်မန်းမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအား မက်မန်းမြို့ မင်းရန်အောင်ခန်းမ၌ တွေ့ဆုံရာ ရှေးဦးစွာ မက်မန်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီးရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းမှာကြား

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး မက်မန်းဒေသ၌ စပါးအပြင် အစေ့ထုတ်ပြောင်း၊ နှစ်ရှည်ပင်လက်ဖက်နှင့် ဆီထွက်သီးနှံများဖြစ်သည့် ပဲပုပ်၊ မြေပဲ၊ နှမ်းတို့ကို တိုးချဲ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသတွင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာ ကြားသည်။

ယင်းနောက် တိုင်းမှူးသည် မက်မန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း သင်ထောက်ကူ စာသင်ခန်းတွင် အသုံးပြုရန် ကွန်ပျူတာတစ်စုံနှင့် သင်ထောက်ကူ ပစ္စည်းများ၊ ဒေသခံတောင်သူများအတွက် အစေ့ထုတ်ပြောင်းမျိုးစေ့ ၁၀အိတ်နှင့် မက်မန်းမြို့နယ်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် အာလူး ပိဿာ၁၅၀၊ ကြက်သွန်နီ ပိဿာ ၁၅၀၊ ကြက်ဥအလုံး ၁၀၀၀၊ အိုင်အိုဒင်းဆား ငါးအိတ်နှင့် လူသုံးကုန်ပစ္စည်းများကို အသီးသီး ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မက်မန်းမြို့ ကွက်သစ်နှင့်ဈေးတည်ဆောက်မည့်နေရာများ၊ ကွမ်ဟောင်းစံပြကျေးရွာနှင့် မက်မန်းမြို့နယ် လက်ဖက်ပျိုးခြံတို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပြု

ရန်ကုန် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းခြင်းခံရသည့် ဆရာတော်ကြီးလေးပါးအား ဂုဏ်ပြုပူဇော်ပွဲ (ဂုဏပူဇာသဘင်)ကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတဗိမာန်တော်ကြီး၌ ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က ဦးစီး၍ ကျင်းပသည်။

ရှေးဦးစွာ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ မြသိန်းတန်ကျောင်း ဆရာတော် ဘဒ္ဒန္တ သောဘနထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးသန်းလွင်က ဂုဏ်ပြုပူဇော်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားပြီး ဂုဏ်ပြုခံဆရာတော်ကြီးလေးပါး၏ ထေရုပ္ပတ္တိ စာတမ်းများကိုခရမ်းမြို့နယ်အသင်း(ရန်ကုန်)တာဝန်ရှိသူများက ဖတ်ကြားပူဇော်ကြသည်။

ယင်းနောက် ဘွဲ့ရဆရာတော်ကြီးများအား အသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က ဂုဏ်ပြုပူဇော်လွှာနှင့် လှူဖွယ်ဝတ္ထုတို့ကိုဆက်ကပ်လှူဒါန်းကြကာ**(အပေါ်ပုံ)** ခရမ်းမြို့ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကထံမှအနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

မိုင်းမောနှင့် နမ့်တစ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းက ပန်ဆန်းမြို့မှ ပန်ဆန်း-မိုင်းမောလမ်းအတိုင်းထွက်ခွာ၍ ဘိန်းငင်ကျေးရွာအနီး လမ်းဘေးဝဲယာတစ်လျှောက် စိုက်ပျိုးထားသည့် ဘိန်းအစားထိုး လက်ဖက်စိုက်ခင်းများကို ကြည့်ရှုပြီး ညနေပိုင်းတွင် မိုင်းမောမြို့အဝင်ရှိ ဘိန်းအစားထိုးလက်ဖက်စိုက်ခင်းသို့ ရောက်ရှိရာ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များက ဘိန်းအစားထိုး လက်ဖက်စိုက်ခင်း စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မှာကြားဖြည့်ဆည်း

ထို့နောက် တိုင်းမှူးသည် ကွန်တိုလိုင်းအတိုင်း စိုက်ပျိုးထားသည့် လက်ဖက်စိုက်ခင်းဧက ၁၀၀၀၏ ဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လက်ဖက်စိုက်ပျိုးဧက ပိုမိုတိုးချဲ့ ဆောင်ရွက်ရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လက်ဆောင်ပေး

ယင်းနောက်တိုင်းမှူးသည် မိုင်းမောဒေသ လက်ဖက်ခြောက်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မိုင်းမောဒေသ၌ တာဝန် ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ထောက်ပံ့ငွေများနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး စာရေးကိရိယာများ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ ထောက်ပံ့ပေးအပ်၍ ဒေသခံ တိုင်းရင်းသားအဖွဲ့ဝင်များအား သစ်သီးဝလံများ လက်ဆောင်ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဖေဖော်ဝါရီ ၂၃ရက် နံနက်ပိုင်းတွင် တိုင်းမှူးသည် မိုင်းမော-ဟိုပန်လမ်းအတိုင်း ထွက်ခွာ၍ ဟိုပန်မြို့နယ် ပန်ကောက်ကျေးရွာသို့ ရောက်ရှိပြီး ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ ပန်ကောက်အခြေခံပညာ အလယ်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ်တစ်သိန်းနှင့် ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဟိုပန်မြို့နယ် နမ့်တစ်ဒေသသို့ သွားရောက်၍ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး နမ့်တစ်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ နမ့်တစ်ဒေသရှိ ရေအားလျှပ်စစ်စက်ရုံသို့ လည်းကောင်း၊ နမ့်တစ်ဒေသအတွက် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန်နှင့် သောက်သုံးရေ ပေးဝေနိုင်ရန် တည်ဆောက်ထားသည့် ကန့်လန်ဆန်းရေလှောင်တမံ၌ ရေသိုလှောင်ထားရှိမှုကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များမှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ သမဝါယမအသင်းချုပ် အာရှ ပစိဖိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Shil Kwan Leeသည် ဗဟိုသမဝါယမအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်း အထွေထွေ စီး ပွား ရေး လုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၆ရက်က တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မြန်မာပြည်သား အထွေထွေစီးပွားရေးလုပ်ငန်း စံပြသမဝါယမအရောင်းဆိုင်သို့ လာရောက်လေ့လာရာ မြို့နယ်အသင်းစုဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ကုန်သည်/စက်မှု အသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး ဟောပြောပွဲနှင့်ပြပွဲ မတ်၁၀ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၀ရက်တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ UMFCCI Office Tower၌ကျင်းပမည်ဖြစ်သည်။ ယင်းနှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးနှင့်အတူ ဟောပြောဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲကိုပါ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

ပူးပေါင်းပါဝင်ပြသ

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများ၊ ပြည်နယ်၊တိုင်းနှင့် ကုန်ပစ္စည်းလုပ်ငန်းအလိုက် ညီနောင်အသင်းအဖွဲ့များအနေဖြင့် ပူးပေါင်းပါဝင်ပြသကြရန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၅နှင့် ၂၁၄၃၄၆တို့သို့ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အမှတ် ၃၀ ဆေးရုံလမ်း ပြည်သာယာရိပ်သာ ရန်ကင်းမြို့နယ်နေ ဒေါက်တာ အောင်နိုင်-ဒေါက်တာဖြူဖြူဝင်း(မင်္ဂလာမိသားစု)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးဘဉာဏ်တို့က လက်ခံယူကြစဉ်။

(က-ပ)

မှူးယစ်ကင်းစင် အလှဆင်

တိုင်းရောဝတီ သိုင်းချောင်းမြို့နယ်မှ စိတ်ဝင်စားဖွယ် နှီးဝါးလုပ်ငန်းမြင်ကွင်း

ကွင်းဆင်းစေ့ငုရေးသားသူ
သန်းသန်းနု နှင့် တင်မာဝင်း

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၄

ရောဝတီတိုင်းသည် မြန်မာနိုင်ငံ၏စီးပွားရေးတွင် အချက်အချာကျသော တိုင်းတစ်တိုင်းဖြစ်သည်။ ပြည်နယ်နှင့်တိုင်း ဒေသရှိ တိုင်းရင်းသားပြည်သူတို့သည် မိမိတို့ဒေသ၏ ရေမြေသဘာဝပေါ်မူတည်ပြီး အသက်မွေးဝမ်းကျောင်းပြု မှီတင်းနေထိုင်ကြသည်။ သိုင်းချောင်းမြို့သည် ဝေနမြစ်ကိုအခြေပြုပြီး ရေလုပ်ငန်း၊ အင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လယ်မြေကိုအခြေပြု၍ စပါးနှင့် ပဲအမျိုးမျိုးကို စိုက်ပျိုးလျက်ရှိကြသည်။

အနောက်ရိုးမတောင်တန်းကြီးကိုအခြေပြု၍ အသက်မွေးဝမ်းကျောင်းပြုနေသော ရောဝတီတိုင်း သိုင်းချောင်းမြို့နယ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်လေ့လာခဲ့ကြသည်။ သိုင်းချောင်းမြို့နယ်သည် ရပ်ကွက်ခြောက်ခုရှိပြီး ကျေးရွာအုပ်စု ၃၂ အုပ်စုရှိကာ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြသည်။

ဝါးကိုအခြေပြု

တိုင်းရင်းသားများသည် ရိုးမတောင်တန်းကြီးမှရရှိသော ဝါးကိုအခြေပြု၍ မိမိတို့၏တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုလုပ်ငန်း အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဝါးမှနေပြီး ဦးထုပ်၊ ပိုက်ဆံအိတ်တို့ကို ပုံစံအမျိုးမျိုး ရက်လုပ်ကြသည်။

ဦးထုပ်လုပ်ငန်း

လုပ်ငန်းရှင်များဖြစ်သော ဦးသိန်းဝင်း၊ ဦးအောင်လွင်တို့၏လုပ်ငန်း လုပ်ကိုင်ပုံများကိုလေ့လာခဲ့ရာ လုပ်ငန်းရှင် ဦးသိန်းဝင်းက လုပ်ငန်းအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသခဲ့သည်။ ဝါးကိုအသုံးပြုပြီး ဦးထုပ်ရက်လုပ်ရာတွင် အမျိုးသားဆောင်း၊ အမျိုးသမီးဆောင်း နှစ်မျိုးရက်လုပ်ကြောင်း သိရှိရသည်။

ဦးထုပ်တွင်လည်း နွေဆောင်းနှင့်မိုးဆောင်းရှိပြီး ယခုရက်လုပ်နေသော ဦးထုပ်မှာ မိုးဆောင်းဦးထုပ်ဖြစ်သည်။ ရက်လုပ်သော ကုန်ကြမ်းမှာ ဝါးသာအဓိကဖြစ်၍ နှီးဝါး(တင်းဝါး)ကို အသုံးပြုသည်။ ပထမဦးစွာ ဝါးကိုစိတ်ပိုင်းပြီး ဝါးအကြောကို သပ်ရသည်။ အကြောသပ်ပြီး ဝါးကို နှီးအဖြစ်ဖြတ်ရသည်။ နှီးများပြောင်ရန်အတွက် နန်းဆွဲရသည်။ ဦးထုပ်ပြုလုပ်ရန်အတွက် ပုံစံချရသည်။

ရက်လုပ်

မိမိလိုချင်သော ပုံစံပေါ်မူတည်ပြီး ရက်လုပ်ရသည်။ ရက်လုပ်ပြီးသည့်အခါမှာ ပထမဦးစွာ တစ်လွှာကို ရက်လုပ်ပြီး နေလှန်းရသည်။ နေလှန်းရာတွင် တစ်နာရီခန့်လှန်းရသည်။ ပထမတစ်လွှာရက်လုပ်ပြီးသည့်အခါတွင် ဒုတိယတစ်လွှာကို ရက်လုပ်ရသည်။ ပထမအလွှာနှင့် ဒုတိယအလွှာကို ညီအောင်ပြန်ထပ်ပြီး ပြန်၍ ရက်လုပ်ရသည်။ ပထမအလွှာနှင့် ဒုတိယအလွှာကြားတွင် စလူထည့်ရသည်။ စလူထည့်ရခြင်းမှာ မိုးတွင်းဆောင်းဖြစ်၍ မိုးဒဏ် ခံနိုင်ရန်နှင့် မိုးမယိုရန်အတွက် ဖြစ်ပေသည်။

နေလှန်းထား

နှစ်လွှာထပ်၍ ရက်လုပ်ပြီးသောဦးထုပ်ကို နေပြန်လှန်းရသည်။ နွေဘက်တွင်သာ နေ၏အပူရှိန် ရနိုင်သော်လည်း မိုးတွင်းကာလတွင် လှန်းရန် အခက်အခဲရှိသဖြင့် ကျပ်တိုက်ရသည်။ ကျပ်တိုက်ရာတွင် မီးနှင့်ဝေးအောင်ထားရသည်။ ကျပ်တိုက်ပစ္စည်းသည် အပူကိုလုံလောက်စွာရရှိပြီးသည့်အခါတွင် မီးကိုလျှော့ရသည်။ မီးနှင့် အပူပေးပြီးကျပ်တိုက်ရ၍ မီးလောင်မှုမဖြစ်ပွားရန် ရေပုံးကိုလည်း အသင့်ထားရသည်။

ကျပ်တိုက်ပေးပြီးသောပစ္စည်း၊ နေလှန်းပေးပြီးသော ပစ္စည်းများကို အနားများ ပြန်လည်ကွပ်ပေးရသည်။ အရောင်နှင့် ပြုလုပ်သော ဦးထုပ်ကို မရက်လုပ်မီ နှီးကို အရောင်ဆိုးရသည်။ မိမိလိုချင်သော အရောင်ဆိုးပြီးမှ ရက်လုပ်၍ စာလုံးများ ဖော်လိုလျှင် ဖော်၍ရသည်။ နွေဆောင်းဦးထုပ် ပြုလုပ်ရာတွင် ပုံစံချပြီး ရက်လုပ်ပြီးသော အလွှာနှစ်ခုကြားတွင် စလူခံရန်မလိုကြောင်း ရက်လုပ်မှုပုံစံမှာ မိုးဆောင်းနှင့် နွေဆောင်းအတူတူပင် ဖြစ်သည်။

အများဆုံးအသုံးပြု

မိုးဆောင်းဦးထုပ်ကို တောင်သူလယ်သမားများ အများဆုံး အသုံးပြုပြီး နွေဆောင်းဦးထုပ်ကို အချောဖြစ်အောင် ရက်လုပ်၍ အပူဒဏ်ကာကွယ်ရန် အသုံးပြုပါသည်။ အလှလည်း ဆောင်းနိုင်ကြောင်း သိရသည်။ နွေဆောင်းဦးထုပ်ကို ရန်ကုန်သို့ အများဆုံး တင်ပို့ရောင်းချပြီး လူကြိုက်များကြောင်း ပြောပြသည်။

နှီးဝါးဖြင့်ရက်လုပ်

နှီးဝါးဖြင့် ဦးထုပ်ကို ဤသို့ ရက်လုပ်သည်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

“လိုချင်တဲ့ ပုံစံပေါ်မူတည်ပြီး ခုလို ရက်လုပ်ရပါတယ်”

ဦးသိန်းဝင်း
နှီးဝါးလုပ်ငန်း
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

“စိတ်ကူးဉာဏ်နဲ့ ပုံဖော်ရက်လုပ်ပါတယ်”

ဦးအောင်လွင်
နှီးဝါးလုပ်ငန်း
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ကျေးရွာတစ်ရွာ၊ ကုန်ထုတ်လုပ်ငန်းတစ်ခု၊ နိုင်ငံအကျိုးပြု

ရက်လုပ်

သိုင်းချောင်းမြို့နယ် ဝေနရပ်ကွက် ဆယ်ကြီးပိုင်းမှ ဦးအောင်မြင့် မိသားစု ဦးထုပ်လုပ်ငန်းမှ ဦးထုပ်များ ရက်လုပ်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။

ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

လက်ရာ သေသပ်လှပ

ဝါးဖြင့် ရက်လုပ် ထား သော ပစ္စည်း အမျိုးမျိုး ကလည်း လက်ရာ သေသပ်လှပသည်။

ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

အမျိုးသမီးသုံး

ဝါးကို ဦးထုပ်အပြင် အမျိုးသမီး အသုံးအဆောင်ဖြစ်သော ပိုက်ဆံအိတ်၊ အမျိုးသမီးကိုင်အိတ်၊ အမျိုးသားကိုင်အိတ်များ ရက်လုပ်နိုင်ကြောင်း သိရသည်။ အမျိုးသမီးကိုင်အိတ် ပုံစံအမျိုးမျိုးကို မိမိတို့၏စိတ်ကူးဉာဏ်နှင့် ပုံဖော်ရက်လုပ်ကြောင်း၊ အရောင်နှင့် ရက်လုပ်လိုပါက မရက်လုပ်မီ နှီးကို အရောင်တင်ရသည်။ အရောင်တင်ပြီးမှ လိုအပ်သော ပုံစံကို ရက်လုပ်သည်။ ရန်ကုန်သို့ အများဆုံး တင်ပို့ရောင်းချကြောင်းကို ဦးအောင်လွင်က မြန်မာ့အလင်းသို့ ပြန်လည်ရှင်းလင်းပြသသည်။

လုပ်ငန်းခွင်တွင် ဦးထုပ်ရက်လုပ်နေသော ဒေါ်သန်းသန်းဝင်းကို မေးမြန်းကြည့်ရာ မိသားစုလုပ်ငန်းဖြစ်၍ လုပ်ငန်းကိုလုပ်ကိုင်နေသည်မှာ ၁၀ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ဦးထုပ်တစ်လုံးကို လုပ်ကိုင်ရာတွင် အဆင့် ၁၀ဆင့်ရှိပြီး တစ်ယောက်ကို တစ်ရက်လျှင် အကြမ်းထည် ၁၀လုံး ရက်လုပ်နိုင်ကြောင်း ပြောပြသည်။ သိုင်းချောင်းမြို့မှထွက်သော နှီးဦးထုပ်အိတ်များကို ဟိုတယ်ကြီးများ၏ အရောင်းဆိုင်များတွင် တွေ့နိုင်သည်။

အိမ်တွင်းမှုလုပ်ငန်း

မြန်မာတို့၏ မိသားစု အိမ်တွင်းမှု လုပ်ငန်းများသည် ဒေသထွက် ပစ္စည်းများနှင့် လုပ်ကိုင်နေကြသဖြင့် မိသားစုရိုးရာလုပ်ငန်းလေးသဖွယ်ဖြစ်နေပြီး လက်ရာမြောက်သော လက်မှုလုပ်ငန်းလေး ဖြစ်သည်။ အနောက်ရိုးမတောင်တန်းကြီးကို အခြေပြု၍ ဝါးအခြေပြုသော ဦးထုပ်လုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်နေသော သိုင်းချောင်းမြို့နယ်၏ အိမ်တွင်းလက်မှုလုပ်ငန်းသည် ရောဝတီတိုင်းတွင်သာမက ကမ္ဘာလှည့် ခရီးသည်များကိုပါ စိတ်ဝင်စားဖွယ် ဆွဲဆောင်လျက်ရှိသောလုပ်ငန်းဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာစေ့ငုဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နှစ်လွှာထပ်ပြီး ရက်လုပ်ထားသော မိုးဆောင်း ဦးထုပ်များ အစီအရီ။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



5-3 (08) 1 3/5/07, 2:04 PM

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်များစစ်ဆေး စွမ်းအင်ဝန်ကြီးဌာနမှ ဆိုင်အသစ်များ ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်

ရန်ကုန် မတ် ၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် ၀၁၉ (စော်ဘွားကြီးကုန်း)၊ ၀၀၂ (အင်းစိန်)နှင့် ၀၁၆ (ကြည့်မြင်တိုင်)တို့သို့ သွားရောက်စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာဝန်ကြီးသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုအခြေအနေ၊ CNG ဆလင်ဒါအိုးများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ CNG အထွေထွေမန်နေဂျာ ဦးသိန်းဋ္ဌေးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသသည်။

ဝန်ကြီးကမော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်တင်းရာတွင် သတ်မှတ်ဖိအားကို ပြည့်မီအောင် ဂရုစိုက် ဖြည့်တင်းပေးရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ဝန်ထမ်းများအနေဖြင့် ပြည်သူများနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးတို့ကို မှာကြားပြီး မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်တိုက်ဖွင့်လှစ်ပေးမည်

ရန်ကုန်မြို့နယ်နိမိတ်အတွင်းတွင် CNG အရောင်းဆိုင်၂၀ကို ၂၄ နာရီပတ်လုံး ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။ ယခုအခါစွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်နယ်နိမိတ်အတွင်း နောက်ထပ် CNG အရောင်းဆိုင်ပေါင်း၂၀ကျော်ကို ထပ်မံဖွင့်လှစ်ရောင်းချပေးသွားနိုင်ရေး အတွက် တည်ဆောက်ရေးလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်လျက်ရှိသကဲ့သို့ လိုအပ်သော စက်ပစ္စည်းများကိုလည်း မှာယူထားရှိပြီးဖြစ်သည်။ စက်ပစ္စည်းများရောက်ရှိမှု အခြေအနေအပေါ်မူတည်ပြီး ရန်ကုန်မြို့ပေါ်တွင် CNG ဆိုင်များ ဆက်တိုက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲသုံးစွဲလျက်ရှိသော CNG မော်တော်ယာဉ်များ၏ သဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် CNG အရောင်းဆိုင်အသစ်များ အမြန်ဆုံးတိုးချဲ့ ဖွင့်လှစ်သွားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အမှတ် ၀၁၆(ကြည့်မြင်တိုင်)၌ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်တင်းမှုနှင့် မော်တော်ယာဉ် ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (စွမ်းအင်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း တက္ကသိုလ်များကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ရောက်ရှိရာ ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနဆိုင်ရာ ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပါမောက္ခဌာနမှူးများက ဘာသာရပ်ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက ဘာသာရပ်ဌာနအချင်းချင်း၊ တက္ကသိုလ်အချင်းချင်းပူးပေါင်း၍ သုတေသန လုပ်ငန်းဆောင်ရွက်ရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် စနစ်တကျ ဆောင်ရွက်ရေးမှာကြားပြီး အဝေးသင်တက္ကသိုလ် ကျောင်းသားကျောင်းသူများ ဓာတုဗေဒနှင့် ရုက္ခဗေဒ လက်တွေ့ခန်းများ၌ လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးမှာကြားသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ စာသင်ခန်းတွင် လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်ရုံးခန်း၌ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံ၍ သင်ကြား၊ စီမံကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ်သို့ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် စိန်ရတုခန်းမ၌ ခင်းကျင်းပြသထားသည့် သိပ္ပံပစ္စည်းအလုပ်ရုံမှ ထုတ်လုပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်အဝေးသင်တက္ကသိုလ်သို့ရောက်ရှိကာ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့်တွေ့ဆုံ၍ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေး၊ e-Education Learning Centre များ ထိထိရောက်ရောက် အသုံးပြုရေးနှင့် သိပ္ပံလက်တွေ့ သင်တန်းများတွင် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာဖြင့် သင်ကြားပေးရေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စင်စက်ရုံပြီးစီးပါက နေ့စဉ်ရေဂါလန်၄၅သန်း ရန်ကုန်မြို့တွင်း ဖြည့်တင်းပေးနိုင်မည်

ရန်ကုန် မတ် ၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)ရေသန့်စင်စက်ရုံမှ ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက နေ့စဉ်ရေဂါလန်၄၅သန်း ရန်ကုန်မြို့သို့ ထပ်မံဖြည့်တင်းပေးဝေနိုင်ရေးအတွက် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)က မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ ရေကူးရေတွန်းစက်ရုံ၌ ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးလုပ်ငန်းများနှင့် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသော Royal Ruby Jade Hotel တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် ရေစက်လမ်းရှိ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ရေကူးရေတွန်းစက်ရုံသို့ ရောက်ရှိရာ ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းနှင့် တာဝန်ရှိသူများက ငမိုးရိပ်ရေပေးဝေရေးစီမံကိန်း ဒုတိယအဆင့်လုပ်ငန်းများပြီးစီးပါက မြို့တွင်းမြို့နယ်များသို့ နေ့စဉ်ရေဂါလန်၄၅ သန်း ထပ်မံဖြည့်တင်းပေးဝေနိုင်ရန် အလျားပေ၂၄၀၊ အနံပေ၈၀ရှိ မြေကွက်လပ်တွင် အလျားပေ၁၆၀၊ အနံပေ၈၀၊ အမြင့်၁၂ပေရှိ ရေဂါလန်တစ်သန်းဆံ့ ရေစုကန်၊ အလျားပေ၈၀၊ အနံပေ၅၀၊ အမြင့်၁၂ပေရှိ ရေစုပ်ကန်နှင့် အလျားပေ၈၀၊ အနံပေ၃၀၊ အမြင့်၁၂ပေရှိ ရေတွန်းစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် မြို့တော်ဝန်သည် ရေစုကန်၊ ရေစုပ်ကန်နှင့် ရေတွန်းစက်ရုံ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား သတ်မှတ်ကာလထက် စောလျင်စွာ ပြီးစီးရန် ဆောင်ရွက်ရေး၊ စံချိန်စံညွှန်းပြည့်မီစွာ လုပ်ဆောင်ရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် မရမ်းကုန်းမြို့နယ် တော်ဝင်လမ်း၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပြီးစီးသော Royal Ruby Jade Hotel သို့သွားရောက်ပြီး မြေယာမြက်ခင်းအလှများ၊ ရေပန်းရေကန်များပြုလုပ်ထားရှိမှု၊ ဟိုတယ်တည်းခိုခန်းနှင့် ခန်းမများ၊ အလှမီးဆိုင်းများမွမ်းမံဆင်ယင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါဟိုတယ်သည် အလျားပေ ၃၈၀၊ အနံပေ ၆၀ ရှိ RC လေးထပ်အဆောက်အအုံဖြစ်ပြီး တည်းခိုခန်းများ အပါအဝင် အခန်းပေါင်း၁၀၀ကျော်ဖြင့် ဖွဲ့စည်းထားကာ ခေတ်မီအဆင့်မြင့် တည်ဆောက်ထားသော ဟိုတယ်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**



ကြည့်ရှုစစ်ဆေး

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မရမ်းကုန်းမြို့နယ် ရေစက်လမ်း၌ ရေစုကန်၊ ရေစုပ်ကန်၊ ရေတွန်းစက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်စည်ပင်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်တီးဝိုင်းပြိုင်ပွဲနောက်ဆုံးနေ့ကျင်းပ

နေပြည်တော် မတ် ၄

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၈နာရီက နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ နောက်ဆုံးနေ့ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပရာ စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲ အမှတ်ပေး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ကိုယ်စားပြု

ထိုသို့ယှဉ်ပြိုင်ရာတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က မြန်မာအာဇာနည်၊ စံပြ ဒို့တပ်မတော်၊ ပြည်သူ့သားကောင်း၊ ပြည်သူ့သား စစ်သည်၊ ရဲသွေးရဲမာန် စစ်ချီတေးများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းက မြန်မာ့အလယ်မှ သားကောင်း စစ်သည်တော်၊ ဒို့တပ်မတော်၊ တူယှဉ်ကာတိုက်စို့၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က ရဲသွေးရဲမာန်၊ ဒို့စစ်သည်၊ ဒို့ရဲ့ဗမာ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၂)က အောင်လံဝေဝေ(ကြည်း၊ရေ၊လေ)၊ ရဲသွေးရဲမာန်၊ တပ်မတော်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၃)က ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့ စစ်ချီတေးများဖြင့်လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ သံဃာ့ဆေးရုံသို့ဓာတ်မှန်စက်လှူဒါန်း

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဓာတ်မှန်စက်လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲပိုင်းက နှင်းဆီကုန်းဘိုးဘွားရိပ်သာ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နှင်းဆီကုန်း ဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ ဇီဝိတဒါန သံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဓာတ်မှန်စက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဓာတ်မှန်စက်ကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းရာ **(ယာပုံ)** ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(က-ပ)

အအေးလျော့နည်းလာ

၄-၃-၂၀၀၇

နေပြည်တော်	၁၉ ဒီဂရီစင်တီဂရိတ်
မင်းတပ်	၁၀ ဒီဂရီစင်တီဂရိတ်
မြစ်ကြီးနား	၁၄ ဒီဂရီစင်တီဂရိတ်
မော်လိုက်	၁၅ ဒီဂရီစင်တီဂရိတ်
မန္တလေး	၁၇ ဒီဂရီစင်တီဂရိတ်
မင်းဘူး	၁၉ ဒီဂရီစင်တီဂရိတ်

ကိုယ်ဝန်ဆောင်ခြင်းနှင့် ခံတွင်းကျန်းမာရေး

ဒေါက်တာညီညီ

လောကထုံးစံအရ အိမ်ထောင်သားမွေးမှုပြုကြသော အမျိုးသမီးများ၏ဘဝတွင် ကိုယ်ဝန်ဆောင်ခြင်းသည် ယေဘုယျအားဖြင့် ကြုံတွေ့ရလေ့ရှိသော သဘာဝနိယာမအဖြစ်သာမက မိသားစုနှင့် လူမှုပတ်ဝန်းကျင်အတွက် နှစ်သက်လိုလားဖွယ်ရာ မင်္ဂလာတစ်ပါးအဖြစ်လည်း နားလည်လက်ခံကြပါသည်။

ကိုယ်ဝန်ဆောင်မိခင်တစ်ဦး၏ ကိုယ်ဝန်ဆောင်ကာလသည် မွေးဖွားလာမည့်ရင်သွေး၏ ပုံရိပ်သစ်ကို စိတ်ကူးဖြင့်ထုဆစ်လျက် ပျို့လွင့်ကြည်နူးရသောကာလ၊ အာဝေဏိကဒုက္ခတို့ကို ဆင်းရဲပင်ပန်း ကိုယ်စိတ်နွမ်းစွာ ခါးစည်းရင်ဆိုင်ရသောကာလ၊ ဆင်ခြင်သတိနှင့်ယှဉ်သော အနေအစား အသွားအလာတို့ဖြင့် ရပ်တည်နေထိုင်ရသောကာလ၊ နားလည်တတ်ကျွမ်းသောပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုတို့ဖြင့် ကြည့်ရှုဖေးကူရသော ကာလဖြစ်ပါသည်။

ကိုယ်ဝန်ဆောင် ကျန်းမာရေးစောင့်ရှောက်မှုဟူရာတွင် ကိုယ်ဝန်နှင့်ဆက်နွှယ်သော ခန္ဓာကိုယ်အစိတ်အပိုင်းအသီးသီး၏ ကျန်းမာရေးပြဿနာများအား အလေးထားဂရုပြုကြသော်လည်း ကိုယ်ဝန်ဆောင်မိခင်၏ ခံတွင်းကျန်းမာရေးကိုမူ အပယိကသဖွယ်မှတ်ယူကာ လျစ်လျူရှုမိကြသဖြင့် မဆုံးရှုံးသင့်သော ခံတွင်းကျန်းမာရေးဆုံးရှုံးမှုများကို မသိနိုင်နိုးဖြစ်ရိုးဖြစ်စဉ်ပမာ လွဲမှားစွာမှတ်သား လက်ခံမိကြသည်။ ခံတွင်းကျန်းမာရေးဟူသည် ခန္ဓာကိုယ်ကျန်းမာရေးကိစ္စအဝဝနှင့် ဆက်နွှယ်စပ်ဟပ်မှုစည်းသားလျက် သီးခြားရှုမြင်၍ မဖြစ်နိုင်ပေရာ ကိုယ်ဝန်ဆောင်ကာလတွင် ကြုံတွေ့ရလေ့ရှိသော ခံတွင်းကျန်းမာရေးပြဿနာများနှင့် လိုအပ်သော ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုတို့ကို ကိုယ်ဝန်ဆောင်မိခင်များ အလေးထားစေဖို့ ရေးသားတင်ပြပါမည်။

ကိုယ်ဝန်ဆောင်မိခင်များတွင် ကိုယ်ဝန်နှစ်လခန့်မှစ၍ ယေဘုယျအားဖြင့် အဖြစ်များလေ့ရှိသော ခံတွင်းရောဂါမှာ ကိုယ်ဝန်ဆောင်သွားဖုံးရောင်ရောဂါ (Pregnancy Gingivitis) ဖြစ်ပါသည်။ ကိုယ်ဝန်ဆောင် သွားဖုံးရောင်ရောဂါသည် ကိုယ်ဝန်ဆောင်ကာလ ဇီဝဖြစ်စဉ်အရ အမျိုးသမီးဟိုမုန်းများ ထုတ်လုပ်မှုများပြားလာခြင်းကြောင့် ကိုယ်ဝန်ဆောင်မိခင်များ၏ ရာခိုင်နှုန်း ၄၀ ခန့်တွင် ဖြစ်လေ့ရှိပြီး ရောဂါလက္ခဏာသည် သာမန်အချိန်မှာ ဖြစ်တတ်သော သွားဖုံးရောင်ရောဂါထက် ပိုမိုသိသာစွာရောင်ရမ်းလျက် သွားတိုက်လျှင် သွေးထွက်လွယ်ပါသည်။ ကိုယ်ဝန်မဆောင်မီကတည်းက မိခင်၌ သွားဖုံးရောင်ရောဂါရှိနေလျှင် ကိုယ်ဝန်ဆောင်ချိန်တွင် သွားဖုံးရောင်သည့် လက္ခဏာသည် သိသာဆိုးရွားစွာ နီရဲဖောင်းကြွ ရောင်ရမ်းတတ်ပါသည်။ တစ်ခါတစ်ရံ သွားဖုံးရောင်သည့်လက္ခဏာသည် ပါးစပ်ရှေ့ဘက် သွားနှစ်ချောင်းကြားရှိ သွားဖုံးသားတစ်နေရာ၌ ထင်ရှားစွာ မို့ဖောင်းလျက် နီရဲရဲ(သို့မဟုတ်) ခရမ်းရောင်(သို့မဟုတ်) ပြာနှမ်းနှမ်းအရောင်ရှိပြီး ထိခိုက်မိလျှင် သွေးထွက်လွယ်သော်လည်း နာကျင်မှုမရှိသော အဖုသဏ္ဌာန် လက္ခဏာဖြစ်လာသည်။ ယင်းကို Pyogenic Granuloma(သို့မဟုတ်)Pregnancy Tumour ဟုခေါ်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၏ တစ်ရာခိုင်နှုန်းခန့်တွင် ဖြစ်လေ့ရှိသည်။ ကိုယ်ဝန်ဆောင်သွားဖုံးရောင်ရောဂါသည် စနစ်မှန် သွားတိုက်ခြင်းကဲ့သို့ တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းမှုကို ဂရုတစိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်လျှင် မီးဖွားပြီးသည်နှင့် ဇီဝဖြစ်စဉ် အပြောင်းအလဲကြောင့် သက်သာပျောက်ကင်းနိုင်ပြီး Pregnancy Tumour ဖြစ်လျှင်မူ သွားဘက်ဆိုင်ရာဆရာဝန်နှင့် ပြသ၍ ကုသမှုခံယူရပါမည်။

ကိုယ်ဝန်ဆောင် သွားဖုံးရောင်ရောဂါနှင့်အတူ သွားများအနည်းငယ်ယိုင်နဲ့လာခြင်းသည်လည်း ကိုယ်ဝန်ဆောင်မိခင်များ၏ ခံတွင်း၌ ယေဘုယျအားဖြင့် ဖြစ်လေ့ရှိသော လက္ခဏာတစ်ရပ်ဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ သွားဖုံးရောင်ရောဂါမှတစ်ဆင့် ရေစီးကမ်းပြိုရောဂါ၏ ကနဦးလက္ခဏာအဖြစ် သွားမြစ်ဝန်းကျင် အမြှေးပါးများ ရောင်ရမ်းလာခြင်းကြောင့်သော်လည်းကောင်း၊ သွားမြစ်တွင်းရိုးအပေါ်လွှာ၌ အချို့သော သတ္တုဓာတ်များ ပြောင်းလဲနည်းပါးလာခြင်းကြောင့်သော်လည်းကောင်း ဖြစ်ပါသည်။ သွားများယိုင်နဲ့သည့်အခြေအနေသည် မီးဖွားပြီးလျှင် မိခင်၏ဇီဝဖြစ်စဉ်အပြောင်းအလဲကြောင့် ပြန်လည်ကောင်းမွန် ခိုင်ခံ့သွားနိုင်ပါသည်။ သို့သော် ကိုယ်ဝန်ဆောင် ကာလတွင် သွားများယိုင်နဲ့မှု ပိုမိုဆိုးရွားမသွားစေရန် အစာစားပြီးတိုင်း ရေ(သို့မဟုတ်) ခံတွင်းသန့်ဆေးရည်ဖြင့် ပလုတ်ကျင်းပေးခြင်း၊ စနစ်မှန် သွားတိုက်နည်းဖြင့် မနက်တစ်ကြိမ်၊ ညအိပ်ရာဝင်ခါနီး တစ်ကြိမ် သွားတိုက်ခြင်း၊ လိုအပ်ပါက သွားဘက်ဆိုင်ရာ ဆရာဝန်နှင့်ပြသ၍ ကုသမှုခံယူခြင်းတို့ဖြင့် ခံတွင်းကျန်းမာရေး စောင့်ရှောက်မှုကို အလေးထားဆောင်ရွက်သင့်ပါသည်။

သွားပိုးစားခြင်းသည် ကိုယ်ဝန်ဆောင်ကာလ ဇီဝဖြစ်စဉ်နှင့် တိုက်ရိုက်ပတ်သက်မှုမရှိသော်လည်း ကိုယ်ဝန်ဆောင်မိခင်အဖို့ အချိုလွန်ကဲသော အစာများကို ချင်ခြင်းတပ်ရာမှ သွားပိုးစားရောဂါသည်လည်း ဖြစ်လွယ်စေနိုင်ပါသည်။ စင်စစ် သွားပိုးစားရောဂါဟူသည် သွားမျက်နှာပြင်၌ ကပ်ငြိကျန်ရစ်သော အချိုဓာတ်ကို ခံတွင်းရှိ ဘက်တီးရီးယားပိုးတစ်မျိုးက အာဟာရအလို့ငှာ စားသုံးပြီး ဘေးထွက်ပစ္စည်းအဖြစ် အက်ဆစ်ကို စွန့်ထုတ်လိုက်ရာ ယင်းအက်ဆစ်ကြောင့် သွားကြွေလွှာမျက်နှာပြင် ဆွေးမြည့်ပျက်စီးရာမှ သွားပိုးစားရောဂါကို ဖြစ်စေပါသည်။ လူတစ်ဦး၏ ခံတွင်းရှိ အက်ဆစ်ဓာတ် ပမာဏကို ပီအိပ်ချ်ဖြင့် တိုင်းတာဖော်ပြလေ့ရှိပြီး ပုံမှန်အားဖြင့် သွားပိုးစားရောဂါကင်းစင်သည့် ခံတွင်းရှိ အက်ဆစ်ပမာဏသည် ပီအိပ်ချ် ၆ ဒသမ ၆ မှ ၇ ဒသမ ၁ အတွင်းရှိပါသည်။ ဘက်တီးရီးယားများက စွန့်ထုတ်လိုက်သော အက်ဆစ်ကြောင့် ခံတွင်း၏ ပီအိပ်ချ်သည် ၅ ဒသမ ၅ အောက်သို့ကျဆင်းသွားလျှင် ယင်းအက်ဆစ်ပမာဏသည် သွားကြွေလွှာကို ဆွေးမြည့်ပျက်စီးစေသည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ ခံတွင်းသည် ပျှမ်းမျှအားဖြင့် ပီအိပ်ချ် ၆ ဒသမ ၆၁ ဝန်းကျင်ရှိပေရာ ယင်းအက်ဆစ်ပမာဏသည် သွားပိုးစားခြင်းကို အထောက်အပံ့မဖြစ်စေနိုင်သော်လည်း ချိုရှဲစေးကပ်သော အစားများကို လွန်လွန်ကဲကဲစားသုံးလျှင်မူ သာမန်လူများကဲ့သို့ပင် ခံတွင်း၏ ပီအိပ်ချ်သည် ပိုမိုနိမ့်ကျလာပြီး သွားပိုးစားခြင်းကို ဖြစ်လွယ်စေပါသည်။ သို့ဖြစ်ရာ **ကိုယ်ဝန်ဆောင်မိခင်များအဖို့ အချိုလွန်ကဲသော အစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းရေးကို အလေးဂရုပြုဆောင်ရွက်ခြင်းတို့ဖြင့် သွားပိုးစားရောဂါမှ ကင်းဝေးစေနိုင်ပါသည်။**

ဤနေရာတွင် ကိုယ်ဝန်ဆောင်စဉ် သွားပိုးစားလွယ်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ သွားများယိုင်နဲ့လာခြင်းတို့နှင့်ပတ်သက်၍ အချို့သော ကိုယ်ဝန်ဆောင်မိခင်များအသိမှား၊ အမှတ်မှားလျက်ရှိကြသည့် အယူအဆတစ်ရပ်ကို တင်ပြလိုပေသည်။ ယင်းမှာ သန္ဓေသား၏ သွားနှင့်အရိုးများ တည်ဆောက်ရန် လိုအပ်သော ကယ်လ်စီယမ်ဓာတ်(ထုံးဓာတ်)ကို ကိုယ်ဝန်ဆောင်မိခင်၏သွားများထံမှ တစ်စတစ်စစီ ပျက်ပြုန်း၍ သန္ဓေသားဆီသို့ ဖြည့်ဆည်းပေးရသဖြင့် မိခင်၏သွားများ ကြံ့ခိုင်မှုနည်းပါးလာပြီး ဆွေးမြည့်ပျက်စီးဆုံးရှုံးရခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ပမာ "ကိုယ်ဝန်တစ်ကြိမ်ဆောင်၊ သွားတစ်ချောင်းဆုံး" (A TOOTH FOR EVERY PREGNANCY)ဟူ၍ လွဲမှားစွာနားလည်လက်ခံကြခြင်း ဖြစ်ပါသည်။ စင်စစ် အရိုးများရှိ ကယ်လ်စီယမ်ဓာတ်သာလျှင် ခန္ဓာကိုယ်၏ အခြားလိုအပ်သော နေရာများဆီသို့ သွေးလှည့်ပတ်မှုမှတစ်ဆင့် ရွှေ့လျားဖြည့်ဆည်းပေးနိုင်ပြီး သွား၌ရှိသော ကယ်လ်စီယမ်ဓာတ်မှာမူ သွားအဖြစ်ဖွဲ့စည်းတည်ဆောက်ပြီးသည်မှစ၍ ခိုင်ခံ့သော ပုံဆောင်ခဲအသွင်ဖြင့် တည်မြဲနေပေသည်။ **ကိုယ်ဝန်ဆောင်စဉ် သွားများပျက်စီးဆုံးရှုံးရခြင်းမှာ ကစီဓာတ် (အချိုဓာတ်) လွန်ကဲသော အစာများ စားသုံးမှုများခြင်းနှင့် တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့်သာလျှင် ဖြစ်နိုင်ပါသည်။ သို့ဖြစ်ရာ အာဟာရဓာတ် လိုအပ်ချက်အရ ကယ်လ်စီယမ်ဆေးပြားများသောက်ရန် ဆရာဝန်ကညွှန်းသည်မှလွဲ၍ ကိုယ်ဝန်ဆောင်မိခင်သည် သွားများ ကြံ့ခိုင်ရေးအတွက် ကယ်လ်စီယမ်ဆေးပြားများကို မိမိဆန္ဒဖြင့် အပိုဆောင်းမှီဝဲခြင်း မပြုလုပ်သင့်ပါ။**

ပျို့ခြင်း၊ အန်ခြင်းသည် ကိုယ်ဝန်ရှိခါစ ကိုယ်ဝန်ဆောင်မိခင်များတွင် ဇီဝဖြစ်စဉ် အပြောင်းအလဲကြောင့် ယေဘုယျအားဖြင့် ဖြစ်လေ့ရှိသော လက္ခဏာတစ်ရပ်ဖြစ်ပြီး အကယ်၍ ကာလကြာရှည်စွာ လေချဉ်တက်ခြင်း၊ အစာအိမ်မှ အချဉ်ရည်များ လည်ချောင်းအထက်သို့ မကြာခဏဆန်တက်ခြင်းဖြစ်လျှင် ခံတွင်းအနံ့ဆိုးရွားစေမှု၊ သွားကြွေလွှာပွန်းတီးပျက်စီးစေမှုများ ဖြစ်လာနိုင်ပေရာ လိုအပ်ပါက သွားဘက်ဆိုင်ရာဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ပြီး ကုသမှုရယူသင့်ပါသည်။

အချို့သောအမျိုးသမီးများသည် ကိုယ်ဝန်မဆောင်မီကပင် ပါးစောင်အမြှေးပါး၊ ပါးချောင်နှင့် လျှာဘေးဖက် အနားတစ်လျှောက်တို့တွင် Recurrent Aphthae ဟုခေါ်သည့် အနာငယ်လေးများ မကြာခဏဖြစ်လေ့ရှိပြီး ကိုယ်ဝန်ဆောင်ကာလတွင် ပိုမိုဆိုးရွားစွာ ဖြစ်လာတတ်ပါသည်။ ယင်းအနာငယ်လေးများသည် အရေအတွက်တစ်ခုမှ လေး၊ ငါးခုအထိဖြစ်လေ့ရှိပြီး တစ်ပတ်မှ ဆယ်ရက်ခန့်ကြာလျှင် အလိုလိုပျောက်ကင်းကာ တစ်လခြားခန့်တွင် မကြာခဏပြန်ဖြစ်လေ့ရှိသည်။ ယင်းအနာငယ်များသည် အစာမစားနိုင်လောက်အောင် နာကျင်ပြီး သွေးအားနည်းခြင်း၊ ဆီးချို၊ အစာလမ်းကြောင်းရောဂါများ၊ ကိုယ်ခံအားနည်းရောဂါများ၊ စိတ်ဖိစီးမှု(သံဓာတ်၊ ဗီတာမင်ဘီ-၁၂နှင့် ဖောလစ်အက်ဆစ်) အာဟာရဓာတ်များချို့တဲ့မှုတို့နှင့် ဆက်နွှယ်ပါသည်။ သို့ဖြစ်ရာ ခံတွင်း၌ Recurrent Aphthae အနာငယ်လေးများ မကြာခဏဖြစ်လေ့ရှိသော ကိုယ်ဝန်ဆောင်မိခင်များအဖို့ အာဟာရချို့တဲ့မှုရှိနေပါက သံဓာတ်ကြွယ်ဝသော အသည်း၊ အမဲသား၊ ဥနှင့် အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များ၊ ဗီတာမင်-ဘီ အုပ်စုဝင် အာဟာရ ဓာတ်များ ကြွယ်ဝသော ရေခန်းချက်သည့် ထမင်း၊ ဂျုံ၊ ပြောင်း၊ နို့၊ နို့ထွက်ပစ္စည်းများနှင့် ပဲအမျိုးမျိုးတို့ကို မျှတလုံလောက်စွာ စားသုံးခြင်း၊ ဗီတာမင်အားဆေးများကို ဆရာဝန်နှင့်ဆွေးနွေးတိုင်ပင်ပြီးမှ မှီဝဲခြင်းတို့ဖြင့် ရောဂါသက်သာပျောက်ကင်းမှုကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။

အချုပ်အားဖြင့် ကိုယ်ဝန်ဆောင်ကာလတွင် ကြုံတွေ့ရလေ့ရှိသော ခံတွင်းကျန်းမာရေးပြဿနာများကို ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် အလေးထားနားလည်ပြီး ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုကို ဂရုပြု လိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် ခံတွင်း၏ကောင်းခြင်း၊ နှုတ်၏မြိန်ခြင်းဟူသော အကျိုးတရားများရနိုင်လျက် အာဟာရပြည့်ဝသော အစားအစာများကို ဂရုတစိုက်ရွေးချယ်စားသုံးနိုင်မည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အာဟာရ၏အထောက်အပံ့ဖြင့် မိခင်၏ကျန်းမာရေးကို ကြံ့ခိုင်စေလျက် ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်ကာလတို့တွင် ကြုံတွေ့ရမည့် အာဝေဏိကဒုက္ခတို့ကို မိခင်အနေဖြင့် ကြံ့ကြံ့ခိုင် ရင်ဆိုင်နိုင်မည်ဖြစ်သည်။ ထို့မျှမက မိခင်ထံမှရရှိသော၊ အာဟာရအထောက်အပံ့ဖြစ်သော သန္ဓေသားအဖို့ မိခင်၏ သားအိမ်အတွင်း ခိုမှီးကြီးထွားဖွံ့ဖြိုးနိုင်ပြီး မွေးဖွားပြီးသည့်အခါတွင်လည်း ကျန်းမာသန်စွမ်းသော ကလေးအဖြစ် ရှင်သန်ကြီးပြင်းစေလျက် မိခင်နှင့်ရင်သွေး နှစ်ဦးစလုံးအတွက် လှပနုသစ်သောဘဝများကို ထုဆစ် ယဉ်ကြော့ ကြွားဝင့်မော့နိုင်ကြမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ကိုယ်ဝန်ဆောင်မိခင်များအဖို့ အချိုလွန်ကဲသောအစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းရေးကို အလေးဂရုပြု ဆောင်ရွက်ခြင်းတို့ဖြင့် သွားပိုးစားရောဂါမှ ကင်းဝေးစေနိုင်။

ကိုယ်ဝန်ဆောင်စဉ် သွားများပျက်စီးဆုံးရှုံးရခြင်းမှာ ကစီဓာတ်(အချိုဓာတ်) လွန်ကဲသောအစာများ စားသုံးမှုများခြင်းနှင့် တစ်ကိုယ်ရေ ခံတွင်းသန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့်သာလျှင် ဖြစ်နိုင်။

အာဟာရဓာတ် လိုအပ်ချက်အရ ကယ်လ်စီယမ်ဆေးပြားများ သောက်ရန် ဆရာဝန်ကညွှန်းသည်မှလွဲ၍ ကိုယ်ဝန်ဆောင်မိခင်သည် သွားများကြံ့ခိုင်ရေးအတွက် ကယ်လ်စီယမ်ဆေးပြားများကို မိမိဆန္ဒဖြင့် အပိုဆောင်းမှီဝဲခြင်း မပြုလုပ်သင့်။

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော်အား ပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသော စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒအား ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက ပူဇော်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက တိုက်ကြီးမြို့နယ်ရှိ ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ဓမ္မသုခဗိမာန်၌ ကျင်းပသည်။

ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် သံဃာတော်များ၊ သီလရှင်များ သီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်စိုးနှင့် အဖွဲ့ဝင်များ၊ ဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်) နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)နှင့် အလှူရှင်များ၊ ဒေသခံများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒအား ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် သံဃာတော်များ၊ သီလရှင်များနှင့် ပရိသတ်တို့က ပူဇော်ကန်တော့ကြပြီး ငါးပါးသီလခံယူ ဆောက်တည်ကြကာ ပန်းတစ်ပွင့်တောင် ဆရာတော် ကိုယ်စား ဝေယျာဝစ္စအဖွဲ့ဝင် ဦးအောင်သန်း (ဝါးနက်ချောင်း) **(ဝဲပုံ)**နှင့် ဒေါ်တင်တင်ဝင်း (အင်းစိန်) တို့က ဆရာတော်နှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ ဩဝါဒနှင့် ရေစက်ချတရား နာယူကြသည်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက် ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ကိုဝင်းနိုင်-KWN. PHARMACY- MPF ဆေးဝါးများ လက်လီ၊ လက်ကား ရောင်းဝယ်ရေးနှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေများက အလှူငွေကျပ် ၆၄၃၈၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သွေးဆေးကန်ဆရာတော် တရားစခန်းပွဲများ

ရန်ကုန် မတ် ၄

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ သွေးဆေးကန် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ(B.Sc,Phy)သည် မတ် ၅ ရက်မှ ၁၄ ရက်အထိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အမှတ်(၈၂) နတ်မောက်လမ်း ဗဟန်းမြို့နယ်၌လည်းကောင်း၊ မတ် ၂၀ ရက်မှ ၂၇ အထိ မွန်ပြည်နယ် ပေါင်မြို့ အဖွဲ့ခွဲအမှတ် (၂၄၃)၌ လည်းကောင်း၊ မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်အထိ ထားဝယ်မြို့ အဖွဲ့စိတ်၌ လည်းကောင်း၊ ဧပြီ ၈ရက်မှ ၁၇ ရက်အထိ ထားဝယ်မြို့ အဖွဲ့ခွဲအမှတ်(၁၅)၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဦးကျော်မောင်အားရည်စူး၍ အင်းစိန်မြို့နယ် ဖော့ကန်ရပ်နေ ဒေါ်တင်တင် မိသားစု (သမာဓိစတိုး)က အင်းစိန်မြို့နယ် သံဃာ့ဆေးရုံ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သံဃာ့ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးအေးသိန်း လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၅-၃-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း-၁၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ မေးမြန်းစုံစမ်း
- ၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း-၉)

ဝိဇာတ အလှူတော်

ရောဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ညောင်ပင်သာကျေးရွာ အာရောဂျသာလာဇရပ်ကြီးကျောင်းတိုက်၏ ပဓာနနာယက မူလဒွါရနိကာယ ဩဝါဒါစရိယ ဆရာတော် သိရိဘဒ္ဒန္တ အာယသ္မာစိတြ-ဉာဏောဒျ (ကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်၏ သက်တော်(၈၀)ပြည့် မွေးနေ့ ဝိဇာတအလှူတော်ကို မတ် ၃ရက်မှစ၍ ခုနစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိရာ တပည့် ဒါယကာများသည် သာသနာ့အလံပြကျောင်း အေးရိပ်မွန်လမ်း ဘုရင့်နောင်လမ်းမ အေးရိပ်မွန်အိမ်ရာ (၄)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်မြို့တွင် လာရောက်ကြည်ညို ပူဇော်နိုင်ကြောင်း သိရသည်။

စိန်ရတုအောင်ပွဲမင်္ဂလာ

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့ အမှတ် (၁)နယ်မြေ ရတနာပုံမင်္ဂလာ အုဋ္ဌ်တိုက်ကျောင်း၏ စိန်ရတု အောင်ပွဲမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် က ကျင်းပပြီး အလှူငွေ ပေးအပ်ရာ ဝက်လက်မြို့ ဟသ်ာမင်း ပုံနှိပ်တိုက်မှ ဦးမြသိန်း၊ ဒေါ်ဝင်းစိန် မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ပိဋကတ်ဝတ္ထုလမ်းညွှန် လှူဒါန်းမည်

ဓမ္မဗိမာန်ဆရာတော်ဘဒ္ဒန္တသာသနဝရသည် ပိဋကတ်ဝတ္ထု လမ်းညွှန်နှင့် နေတ္တိအဋ္ဌကထာနိဿယ ကျမ်းစာအုပ်များကိုအထူးဓမ္မဒါနအဖြစ် လှူဒါန်းမည်ဖြစ်ပါ၍ အလှူခံလိုသော ဆရာတော် သံဃာတော်များသည် ဓမ္မဗိမာန်သို့ ကိုယ်တိုင်ကြွရောက် အလှူခံနိုင်သည်။

အသက် ၁၂နှစ်မှ ၁၅နှစ်အတွင်း စာသင်သား သာမဏေများအား မတ် ၅ရက်မှ စတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အဘယာရာမတိုက် စိန်ရတနာကျောင်းတွင် လက်ခံမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဓမ္မဗိမာန် အမှတ်၆၀၆ (ဒုတိယထပ်) ၅လမ်းနှင့် ၆လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉နှင့် ၃၈၅၁၉၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ဈေးအတွင်း မီးဘေးကာကွယ်ရေးစစ်ဆေး

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ဦးဆောင်လျက် မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးဌေးမြင့်နှင့် မီးသတ်ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၈ရက်က မြို့နယ်စည်ပင်သာယာဈေးအတွင်း ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျေးရွာရေရရှိရေး ဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်ကျေးရွာတွင် ဇန်နဝါရီ ၁၆ရက်က စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအရာရှိ ဦးဇော်မိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

ကျေးရွာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

စစ်ကိုင်းမြို့နယ် ဝက်သားပုတ်ကျေးရွာ ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၂ရက်က အဆိုပါကျေးရွာ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့် ကျေးရွာဥက္ကဋ္ဌဦးမောင်စိုးတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးဝင်းဗိုလ်တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးဟောပြောကြပြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။

ကေဘယ်ကြိုးသစ်များတပ်ဆင်

မကွေးတိုင်း မကွေးမြို့တွင် တယ်လီဖုန်းသုံးစွဲသူများ ဆက်သွယ်မှုလွယ်ကူစေရန် မြန်မာ့ဆက်သွယ်ရေးဝန်ထမ်းများက ဖေဖော်ဝါရီ၂၀ရက်တွင် မြို့ပေါ်၌ ကေဘယ်ကြိုးများနှင့် Network ကြိုးများ အသစ်လဲလှယ်တပ်ဆင်ခဲ့ကြသည်။

မီးဘေး ကြိုတင်ကာကွယ်ရေး ကောလင်း၌ဆောင်ရွက်

ကောလင်းမြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က ကောလင်းမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်များလိုက်ပါလျက် ကောလင်းမြို့ပေါ်ရပ်ကွက်ရှိ နေအိမ်အဆောက်အအုံ၊ အလုပ်ရုံ၊ စက်ရုံ၊ ရုံးဌာနများကို စစ်ဆေးကြသည်။

ထို့နောက် ရပ်ကွက်အတွင်း လောင်စာဆီမထားရှိရေး၊ မီးဘေးစိုးရိမ်ရသောလမ်းကြားများသို့ မီးသတ်ကားများ ဝင်ထွက်နိုင်ရေး မီးသွေးသုံးစွဲသောနေအိမ်များ၊ ကပ်မိုး၊ ထရံကာနေအိမ်များ၊ စားသောက်ဆိုင်များကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောကြောင်း သိရသည်။

မကွေးတိုင်း သမဝါယမဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

မကွေးတိုင်း သမဝါယမဦးစီးဌာန ၂၀၀၆ ခုနှစ် တတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းက မကွေးတိုင်း သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သိန်းထိုက်က လုပ်ငန်းအမှာစကားပြောကြားပြီး မကွေးတိုင်း ၂၅မြို့နယ် ဦးစီးအရာရှိများက မြို့နယ်အတွင်း ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ပြီး သမဝါယမ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

အရိပ်ရပင်နှင့် ပန်းအလှပင်ပျိုးထောင်

ရှမ်းပြည်နယ်(မြောက်ပိုင်း)ညောင်ရွှေမြို့နယ် ရွက်လှမြိုင်ပျိုးဥယျာဉ်အတွင်း ဇန်နဝါရီ ၂၆ရက်က အရိပ်ရပင်နှင့် ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးခင်မောင်တိုးတို့ရောက်ရှိ ကြီးကြပ်ခဲ့ကြောင်း သိရသည်။

အရန်မီးသတ်စွမ်းရည်မြှင့် သင်တန်းဖွင့်

ရွှေဘိုခရိုင် ဝက်လက်မြို့ အရန်မီးသတ်စွမ်းရည်မြှင့်သင်တန်း(လက်နက်ပါ)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ၃၀ ရက်က ဝက်လက်မြို့ မီးသတ်စခန်း၌ ကျင်းပသည်။ သင်တန်းတွင် စာတွေ့လက်တွေ့ပို့ချခဲ့သည်။

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါ ကျေးရွာအုပ်စုဓမ္မာရုံ၌ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးချစ်မောင်က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၄

၁။ ရန်ကုန်တိုင်းရှိ မြို့နယ်များအတွင်း ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့်အရေးယူဆောင်ရွက်မှုများ–

(က) ငှက်ဖြတ်သန်းသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၄-၃-၂၀၀၇	အင်းစိန်	ကျီး–၄၊ ငုံး–၁	ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။
၄-၃-၂၀၀၇	မရမ်းကုန်း	ကျီး–၆၊ ခို–၁	ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။
၄-၃-၂၀၀၇	ဗိုလ်တထောင်	ကျီး–၃	၂–ကောင်မြေမြှုပ်၊ ၁–ကောင် ခွာတ်ခွဲစမ်းသပ်ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။
၄-၃-၂၀၀၇	လှိုင်	ခို–၁၊ ကျီး–၁	ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။
၄-၃-၂၀၀၇	ဒဂုံမြို့သစ်(တောင်ပိုင်း)	ကျီး–၁	မြေမြှုပ်ဖျက်ဆီး။
၄-၃-၂၀၀၇	တောင်ဥက္ကလာ	စာကလေး–၁	ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။
၄-၃-၂၀၀၇	သန်လျင်	ကျီး–၁	မြေမြှုပ်ဖျက်ဆီး။
၄-၃-၂၀၀၇	လှိုင်သာယာ	ကျီး–၁	ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။ ခြေထောက် ဒဏ်ရာ။
၄-၃-၂၀၀၇	ကမာရွတ်	ကျီး–၁	ခြောက်နေ၍ စစ်ဆေး၍မရပါ။
၄-၃-၂၀၀၇	ဗဟန်း	ခို–၄	ပုပ်နေ၍ စစ်ဆေး၍မရပါ။

(ခ) ကြက်၊ ဘဲသေဆုံးမှု

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၄-၃-၂၀၀၇	မှော်ဘီ	တိုင်းရင်း ကြက်–၂	မြေမြှုပ်ဖျက်ဆီး။

၂။ ဖြစ်စဉ်အပေါ် သုံးသပ်ချက်

(က) ရန်ကုန်တိုင်း အတွင်း အင်းစိန်၊မရမ်းကုန်း၊ဗိုလ်တထောင်၊လှိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊တောင်ဥက္ကလာ၊ သန်လျင်၊ လှိုင်သာယာ၊ကမာရွတ်၊ ဗဟန်းတို့တွင် ကျီး၊ ငုံး၊ ခို၊ စာကလေးစုစုပေါင်း (၂၆)ကောင် မြေကျသေဆုံးခဲ့သော်လည်း (၁၁)ကောင်မှာ ပုပ်ပွနေခြင်း၊ ခြောက်သွေ့နေခြင်းတို့ကြောင့် မြေမြှုပ်ခဲ့ရပြီး ကျန်(၁၅)ကောင်ကို ခွာတ်ခွဲခန်း၌ စစ်ဆေးကြည့်ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။

(ခ) မှော်ဘီမြို့နယ်တွင် တိုင်းရင်းကြက်(၂)ကောင် သေဆုံးမှု ရှိခဲ့သော်လည်း အသေကောင်မှာ ပုပ်နေ၍ မြေမြှုပ်ခဲ့ရပါသည်။အခြား ကြက်၊ ဘဲ သေဆုံးမှုမရှိပါ။

(ဂ) ငှက်သေဆုံးမှုများအပေါ် လေ့လာကြည့်ရာတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးခြင်းမဟုတ်ကြောင်း သုံးသပ်ရရှိပါသည်။

၃။ တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး

(က) ရောဂါပိုး အလွယ်တကူ သယ်ဆောင်နိုင်သည့် ကျီးကန်းနှင့် စာကလေးများ ဝင်ထွက်သွားလာမှုကို သတိထား၍ ထိန်းချုပ်ရန်။

(ခ) ကြက်ငှက် အသေကောင်များကို စားသုံးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ စည်းမဲ့စွန့်ပစ်ခြင်းများကို ရှောင်ကြဉ်ရန်။

(ဂ) မွေးမြူရေးခြံများအနေဖြင့် ဇီဝလုံခြုံမှုကို အထူးဂရုပြု၍ တင်းကျပ်စွာ ဆောင်ရွက်ထားရှိရန်။

၄။ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံး မွေးမြူထုတ်လုပ်သူ၊ ပြုပြင်သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါတားဆီးထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၄

စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗဟန်း ၃လမ်းရှိ တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)၌ကျင်းပရာ ရှေးဦးစွာ ပူဇော်ပွဲအခမ်းအနားတွင် ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝါယမထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တန့်ဆည်နွယ်ဖွား မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဘုရားသုံးဆူ ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏောဘာသာလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်းကို အသင်းနာယက ဦးထွန်းမြင့်က ဖတ်ကြားသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အဆိုတော်ရီရီသန့်က ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် သီကျူးပူဇော်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးအား တန့်ဆည်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့် **(အပေါ်ပုံ)**နှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အဆိုတော်ရီရီသန့်က ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးအား ရတုပိုဒ်စုံဖြင့်သီကျူးပူဇော်ပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က နိုင်ငံတော်က ချီးမြှင့်ပေးအပ်သော သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်တော်ရ အသင်းဒုတိယဥက္ကဋ္ဌ ဦးချစ်မွေးအား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးမှတ်တမ်း၊ ငွေစာရင်းရှင်းတမ်းနှင့် အမှုဆောင်အဖွဲ့၏ အစီရင်ခံစာတို့ကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကြ၍ အမှုဆောင်အသစ်များအား ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၀၆ခုနှစ် ပညာရည်ချွန်ဆုနှင့် ပါရဂူဘွဲ့ရရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြပြီး အသက် ၇၅နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား ဂါရဝပြုပူဇော်ကြသည်။ **(သတင်းစဉ်)**

စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

လိုင်စင်မဲ့အရက်ဆိုင် အရေးယူပေးပါ

စာတည်းရှင့်–

ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်း မင်္ဂလာလမ်း တောင်ဘက်ထိပ်ရှိ လိုင်စင်မဲ့အရက်ဆိုင်မှ သောက်သုံးသူအချို့သည် မကြားဝံ့မနာသာ အော်ကြီးဟစ်ကျယ် ပြောဆို၍ လမ်းသွားလမ်းလာများအား အနှောင့်အယှက် ပြုနေပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မင်္ဂလာလမ်းသူ

အမှိုက်ကာန် ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား–

ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၂) တပင်ရွှေထီးလမ်းမကြီး(မဟာမြိုင်လမ်းမကြီး)နှင့် ဘုရင့်နောင်လမ်းဆုံတွင် အမှိုက်ကန်တစ်ကန်ရှိပြီး ပုံမှန်သိမ်းဆည်းခြင်းမရှိပါသဖြင့် အခြား သင့်တော်ရာနေရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ပဲခူးသား

ယာဉ်ကြောပိတ်သဖြင့် လမ်းခရီးကြန့်ကြာ

စာတည်းရှင့်–

ရန်ကုန်မြို့တွင် ပြေးဆွဲနေသော လိုင်းကားအချို့သည် လှည်းတန်း၊ မြေနီကုန်း၊ပန်းဆိုးတန်းစသောမှတ်တိုင်များတွင် တစ်စီးနှင့်တစ်စီးအပြိုင်အဆိုင် ပိတ်ဆို့ရပ်တန့်၍ ခရီးသည်များအား ကြာမြင့်စွာ စောင့်ဆိုင်းခေါ်ယူနေပါသဖြင့် နံနက် ၁၀နာရီနှင့် ညနေ ၄နာရီဝန်းကျင်တွင် ယာဉ်ကြောများ နေ့စဉ်ပိတ်ဆို့ သွားလျက်ရှိပါသည်။ အဆိုပါစည်းကမ်းမဲ့ယာဉ်များကြောင့် ခရီးသည်များနှောင့်နှေးကြန့်ကြာကာ ဒုက္ခရောက်ကြရပါသဖြင့် လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

အမှိုက်ပုံနေရာ ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း မှော်ဘီမြို့ အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာလမ်းဆိုင်ခန်းများရှေ့ရှိ အမှိုက်ပုံမှ အနံ့ဆိုးများသည် ပတ်ဝန်းကျင်နေ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသဖြင့် အဆိုပါ အမှိုက်ပုံအား နေရာပြောင်းရွှေ့ပေးပါရန်တင်ပြအပ်ပါသည်။

ကျန်းမာစေလိုသူ

မီးအန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် (၁၂)ရပ်ကွက် မိုးကောင်းလမ်းနှင့် သစ္စာလမ်းထောင့်အနီး သစ္စာလမ်းမကြီးပေါ်ရှိ ကားအိပ်ဇောပြင်ဆိုင်သည် မီးကို အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေမှုကြောင့် ရပ်ကွက်နေ ပြည်သူများ မီးဘေး အန္တရာယ် စိုးရိမ်နေရပါသဖြင့် ၎င်းဆိုင်အား စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

မီးအန္တရာယ်စိုးရိမ်သူ

နောက်ဖေးလမ်းကြား သန့်ရှင်းစေချင်

စာတည်းရှင့်–

ကျောက်မြောင်း သင်္ဂဟလမ်းနှင့် စကြာလမ်းထောင့်ရှိ တိုက်နောက်ဖေးလမ်းကြားတွင် ရေဆင်းပိုက်ပေါက်များမှ ရေများ မိလ္လာကန်အတွင်းသို့ ဝင်ရောက်၍ ပြည့်လျှံနေခြင်း၊ အမှိုက်များကြောင့် ကြွက်များပေါများနေခြင်းတို့ကြောင့် ကျန်းမာရေး ထိခိုက်လျက်ရှိပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

သင်္ဂဟလမ်းသူ

မီးရထားသံလမ်းဖြတ်လမ်း ပြုပြင်ပြီးစီး

(၅-၂-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ရေတာရှည်မြို့ ရွှေကြက်ယက်ရပ် မြို့မစည်ပင်သာယာဈေးအနီးရှိ မီးရထားသံလမ်းဖြတ်လမ်း ပြုပြင်ပေးပါ**နှင့် ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

လက်ဖက်ရည်ဆိုင် အသံချဲ့စက်ဆူညံမှု ဆောင်ရွက်ပြီး

(၈-၁-၂၀၀၇)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ချမ်းမြသာစည်မြို့နယ် အကွက် ၈၆၇ ရှိ လက်ဖက်ရည်ဆိုင်တွင် အသံချဲ့စက်ဆူညံသံ** နှင့် ပတ်သက်၍ ရပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ)

ကမ္ဘာတစ်လွှား အားကစား

ဘွန်ဒက်စ်လီဂါမှာ ဘိုင်ယန်မြူးနစ်ချန်ပီယံ ဖြစ်နိုင်ပါ့မလား

ဘာလင် မတ် ၄

ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားများဖြင့် လှုပ်ရှားသက်ဝင်နေသော ကမ္ဘာ့ဘောလုံး လောကသည် ဂျာမနီဘွန်ဒက်စ်လီဂါနှင့်ပတ်သက်၍ နေရာမပေးနိုင်လောက်အောင်ပင် ပရိသတ်အာရုံကို သိမ်းကျုံးဆွဲငင်ထားနိုင်လျက် ရှိသည်။

ဘိုင်ယန်မြူးနစ် နည်းပြ အော့မာဟစ်ဖီးလ်။
(ဓာတ်ပုံ-အင်တာနက်)

ဂျာမနီမြေမှ ဘွန်ဒက်စ်လီဂါဘောလုံးပွဲများကို လှမ်းမျှော်ကြည့်လျှင် ဘွန်ဒက်စ်လီဂါ၏ လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်တို့ ချန်ပီယံဖလားကို ကာကွယ်ရေးအခက်အခဲနှင့် ကြုံတွေ့နေရသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒက်စ်လီဂါ၌ တစ်ရာသီလုံး ဘောလုံးကစားခဲ့ရာတွင် ၂၂ပွဲနိုင်၊ ကိုးပွဲသရေနှင့် သုံးပွဲသာရှုံးခဲ့သည်။ အိမ်ကွင်း၌ တစ်ပွဲနှင့်အဝေးကွင်း၌ နှစ်ပွဲသာ ရှုံးပွဲကြုံခဲ့ရသဖြင့် တစ်ရာသီလုံး ပုံမှန်ခြေစွမ်းပြနိုင်ခဲ့ပြီး ဘွန်ဒက်စ်လီဂါဖလားကို ထိုက်တန်စွာ ရရှိခဲ့လေသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

ထို့အတူ ဘိုင်ယန်မြူးနစ် တိုက်စစ်မှူးများက စုစုပေါင်း ၆၇ဂိုးသွင်းယူခဲ့ကြရာ ဒုတိယနေရာမှ ဝါဒါဘရီမင်တို့ထက် သွင်းဂိုး ၁၂ဂိုးအထိ နည်းခဲ့သော်လည်း နိုင်ပွဲများဆက်တိုက် ရခဲ့သဖြင့် ဘွန်ဒက်စ်လီဂါချန်ပီယံလည်း ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ရှုံးပွဲကြုံ

ယခုနှစ် ဘောလုံးရာသီ၌ ဘိုင်ယန်မြူးနစ်တို့ ပုံမှန်ခြေစွမ်း မရဘဲရှိနေပြီး စုစည်းမှုလည်း အားနည်းကာ အထူးသဖြင့် အသင်းလိုက်ကစားအား ကျဆင်းလာခဲ့သည်။ ထိုသို့ ကစားအား ကျဆင်းလာခဲ့မှုကြောင့် ဘွန်ဒက်စ်လီဂါပွဲစဉ် အဖြစ် အဝေးကွင်း၌ ဝါဒါဘရီမင်နှင့် ကစားခဲ့ရာတွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးပွဲကြုံခဲ့သလို ဘီလီဖီးလ်နှင့်လည်း အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

မလွယ်

ထို့အတူ ဝုလ်ဘတ်အသင်းကိုလည်း တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ယခုအချိန်အထိ လေးပွဲရှုံးခဲ့ပြီး ဖြစ်သည်။ ဘိုင်ယန်မြူးနစ်နည်းပြ အော့မာဟစ်ဖီးလ်က မိမိတို့ ချန်ပီယံဆုကို ကာကွယ်နိုင်မည်မှာသေချာကြောင်း အာမခံပြောကြားနေသော်လည်း လက်တွေ့၌ မလွယ်ချေ။

ဘိုင်ယန်မြူးနစ်တို့ ယခုနှစ်ဘောလုံးရာသီ၌ ခြေစွမ်းပြနိုင်ဆုံး ပွဲစဉ်များမှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် အိမ်ကွင်း၌ စပါတပ်မော်စကိုအသင်းကို လေးဂိုးပြတ်၊ ဘွန်ဒက်စ်လီဂါ၌ ဟာသာဘာလင်ကို လေးဂိုး-နှစ်ဂိုးနှင့် အဝေးကွင်း၌ မိန့်ဇ်ကို လေးဂိုးပြတ် သွင်းနိုင်ခဲ့သည့်ပွဲများပင် ဖြစ်သည်။

ဂိုးများပေးခဲ့ရ

ဘိုင်ယန်မြူးနစ်အတွက် ပွဲကိုင်ပေးနေသည့် နည်းပြ အော့မာဟစ်ဖီးလ်ကလည်း ယခုနှစ် ဘောလုံးရာသီ၌ ၄-၄-၂ပုံစံကို အသေဆုပ်ကိုင်ကစားစေခဲ့ရာ တိုက်စစ်အတွဲ အဖြစ် ပိုဒေါ်လ်စကီးနှင့် ရှိုင်းမက်ကေးတို့က ဂိုးများသွင်းယူ ပေးနိုင်ခဲ့သော်လည်း နောက်တန်းနှင့် အလယ်တန်းကစားကွက် မကျစ်လျစ် မခိုင်မာမှုတို့ကြောင့် ဂိုးများပေးခဲ့ရသည်။

ဘိုင်ယန်မြူးနစ်ဂိုးသမားကြီး အိုလီဗာခမ်းကလည်း လက်စွမ်းကျလာသလို နောက်တန်းခံစစ်မှူးများဖြစ်သည့် ဆတ်ဂေါလ်၊ လူစီယို၊ ဖီလစ်လမ်းနှင့် ဂေါလက်ဇ်တို့ကလည်း အန္တရာယ်များသော ဂိုးဧရိယာအတွင်း ဘောလုံးရှင်းထုတ်မှု

အားနည်းနေတတ်ကြသည်။ ပြီးခဲ့သည့်နှစ်က ဘိုင်ယန်မြူးနစ်တို့ ဘွန်ဒက်စ်လီဂါ၌ စုစုပေါင်း ၃၂ဂိုးသာ အသွင်းခံခဲ့ရသော်လည်း ယခုနှစ်၌ ၂၄ပွဲကစားပြီးချိန်တွင် ၂၉ဂိုးအထိ အသွင်းခံထားခဲ့ရပြီးဖြစ်ရာ ဘိုင်ယန်မြူးနစ်၏ ခံစစ်ကြောင်း မလုံမှုကို ပြသနေလျက်ရှိသည်။

ကျဆင်းမှုမရှိ

ဘိုင်ယန်မြူးနစ်တွင် ယခုနှစ် ဂိုးအများဆုံးသွင်းထားသူမှာ ရှိုင်းမက်ကေးဖြစ်ပြီး တစ်ဦးတည်း ၁၁ဂိုးသွင်းထားနိုင်သလို၊ ပီဇာရိုက ခြောက်ဂိုးနှင့် ဘွန်မဲလ်က လေးဂိုးသွင်းထားနိုင်ရာ တိုက်စစ်နှင့်အလယ်တန်းဘောလုံးသမားများက စွမ်းဆောင်ရည် ကျဆင်းမှုမရှိချေ။

ကတိပြုထား

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ နာမည်ကြီးခဲ့သော တိုက်စစ်မှူး ပိုဒေါ်လ်စကီးသည် ယခုနှစ်၌ ခြေစွမ်းမပြနိုင်ဘဲ နှစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့သေးရာ ဘိုင်ယန်မြူးနစ်နည်းပြ အော့မာဟစ်ဖီးလ် အားမလိုအားမရ ဖြစ်လျက်ရှိသည်။ သို့သော် ပိုဒေါ်လ်စကီးသည် ခြေထောက်ဒဏ်ရာကြောင့် ယခုနှစ်၌ ဘွန်ဒက်စ်လီဂါတွင် ငါးပွဲသာကစားပေးနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်ရာ ကြံ့ခိုင်မှုကောင်းလျှင် ဂိုးများ ဆက်တိုက်သွင်းယူပေးမည်ဟု ပိုဒေါ်လ်စကီးက ကတိပြုထားသည်။

ခြေစွမ်းအကျဆုံး

ဘိုင်ယန်မြူးနစ်သည် ဘွန်ဒက်စ်လီဂါတွင် ယခုနှစ်၌ ခြေစွမ်းအကျဆုံးဖြစ်နေသည်။ လွန်ခဲ့သည့်ငါးနှစ်က ဘွန်ဒက်စ်လီဂါတွင် ဘိုင်ယန်မြူးနစ်၏ အနေအထားကို ကြည့်လျှင် ၂၀၀၁-၂၀၀၂ ဘောလုံးရာသီ၌ ၃၄ပွဲကစားခဲ့ရာတွင် ရှုံးပွဲ ခြောက်ပွဲသာရှိခဲ့ပြီး တတိယချိတ်နိုင်ခဲ့သည်။ ထို့အတူ ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဖလားကိုလည်း ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့သည်။

၂၀၀၂-၂၀၀၃ ဘောလုံးရာသီတွင် ဘွန်ဒက်စ်လီဂါ၌ ရှုံးပွဲ ငါးပွဲသာရှိခဲ့ပြီး ခြောက်ပွဲသရေကျကာ ၂၃ပွဲ အနိုင်ရပြီး ဘွန်ဒက်စ်လီဂါဖလား ရယူနိုင်ခဲ့သည်။ ထို့အတူ ၂၀၀၃-၂၀၀၄ဘောလုံးရာသီတွင် ရှုံးပွဲခြောက်ပွဲသာ ရှိခဲ့ပြီး ဒုတိယ ရရှိကာ ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ငါးပွဲသာရှုံးပြီး ဘွန်ဒက်စ်လီဂါဖလား ရရှိခဲ့ပြန်သည်။

အနိုင်ယူခဲ့

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ ဘိုင်ယန်မြူးနစ်တို့ ခြေစွမ်းအပြနိုင်ဆုံးနှစ် ဖြစ်ခဲ့သည်။ ထိုနှစ်၌ ဘွန်ဒက်စ်လီဂါတွင် ၃၄ပွဲ ကစားခဲ့ရာ၌ သုံးပွဲသာရှုံးခဲ့ပြီး နှစ်နှစ်ဆက်တိုက် ဖလားရရှိခဲ့လေသည်။ ထိုသို့ ဘိုင်ယန်မြူးနစ်တို့ ဆုဖလားအကြိမ်ကြိမ်ရရှိခဲ့သဖြင့် ဘွန်ဒက်စ်လီဂါတွင် ပြိုင်ဘက်အသင်းများကို လွှမ်းမိုးထားနိုင်ခဲ့ရာ ဘိုင်ယန်မြူးနစ်နှင့် ကစားတိုင်း သရေနှင့် အရှုံးသာ မျှော်လင့်နိုင်လောက်အောင် ပြိုင်ဘက်များကို အနိုင်ယူနိုင်ခဲ့သည်။

နပန်းလုံးနေရ

ယခု ၂၀၀၆-၂၀၀၇ ခုနှစ်တွင်မူ ဘိုင်ယန်မြူးနစ်တို့ ခြေစွမ်းမပြနိုင်သည့် အနေအထားနှင့် ကြုံတွေ့နေရသည်။ တိုက်စစ်တွင် ပိုဒေါ်လ်စကီး ကြံ့ခိုင်မှု မပြည့်ဝသလို ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်ကလည်း ဒဏ်ရာများဖြင့် နပန်းလုံးနေရပြီး လေးပွဲသာ ကစားနိုင်သေးသည်။

ဒဏ်ရာများရရှိ

ထို့အပြင် ဘတ်တစ်၊ ဆိုဖီရန်ချီ၊ ကီဗင်ဘောတန်နှင့် ဒီဂျာဂတ်တို့ကလည်း ဒဏ်ရာများရရှိနေသည်။ ထိုသို့သော အခြေအနေတွင် ဘွန်ဒက်စ်လီဂါ တန်းစီဇယားတွင် ၂၄ပွဲ ကစားပြီးချိန်၌ ၁၃ပွဲနိုင်၊ ခုနစ်ပွဲရှုံးထားကာ အဆင့်လေး နေရာတွင် ရောက်ရှိနေသည်။

ခက်ခဲမည်

တန်းစီဇယားထိပ်ဆုံးမှ ရှော်လ်ကေးနှင့်ပွဲတူ ခြောက်မှတ်ကွာနေရာ နည်းပြအော့မာဟစ်ဖီးလ်ကမိမိတို့ဘွန်ဒက်စ်လီဂါဖလားချန်ပီယံကို ကာကွယ်နိုင်မည်ဟု ပြောကြားနေသော်လည်း ဒဏ်ရာရမှုများနှင့် ရင်ဆိုင်နေရသော ဘိုင်ယန်မြူးနစ်တို့ ယခုနှစ် ဘွန်ဒက်စ်လီဂါဖလား သုံးနှစ်ဆက်တိုက်ရရှိရေးမှာ ခက်ခဲမည်ဖြစ်ပါကြောင်း တင်ပြလိုက်ပါသည်။ ။ **(ကိုးကား-အင်တာနက်သတင်း)**

အောင်ပွဲခံ

၂၀၀၁ ခုနှစ်က ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဖလားကို ရယူနိုင်ခဲ့သော ဘိုင် ယန် မြူး နစ် ဘော လုံး အ သင်း အောင်ပွဲ ခံခဲ့ကြသည်ကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

အီတလီ စီးရီးအေတွင် ရှုံးပွဲမရှိစံချိန် အင်တာမီလန်တို့ တင်ထားဆဲဖြစ်

ကိုးကားတင်ပြသူ မြင့်မောင်စိုး

မီလန် မတ် ၄

အီတလီ စီးရီးအေပွဲစဉ်(၂၇) ဘောလုံးပြိုင်ပွဲများကို မတ် ၃ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အင်တာမီလန်တို့ လီဗော်နိုအသင်း၏ အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

သွင်းယူပေး

လီဗော်နိုတို့ ရှုံးနိမ့်ခဲ့သော်လည်း အဖွင့်ဂိုးကို လူကာရယ်လီက ပွဲချိန်၂၇မိနစ်တွင် ဖွေဆော်ဦးဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန်၃၅မိနစ်တွင် ခရေ့ဇ်က အင်တာမီလန် အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ယင်းနောက် အင်တာမီလန်တို့ အနိုင်ဂိုးသွင်းယူနိုင်ရေး တိုက်စစ်အရှိန် မြှင့်တင်ကစားခဲ့ရာ ပွဲချိန် ၆၆မိနစ်တွင် အီဘရာဟင်မိုဗစ်ချ်က အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန်၈၃မိနစ်တွင် အင်တာမီလန်မှ မိုင်ကွန် နစ်ဝါ တစ်နီဖြင့် ထွက်ခဲ့ရသည်။

ရှုံးပွဲမရှိ

အင်တာမီလန်အသင်းသည် ယခုနှစ် စီးရီးအေ ရာသီတွင် ရှုံးပွဲမရှိ စံချိန်တင်ထားသော အသင်းဖြစ်သည်။ ၂၆ပွဲတွင် ၂၂ပွဲနိုင်၊ လေးပွဲသရေဖြင့် ရမှတ် ၇၀ ရရှိထားသည်။ ဒုတိယနေရာမှ ရိုးမားတို့ ၅၄မှတ်သာ ရသေးသည်။

ထိုနေ့က ရိုးမားတို့ အက်စ်ကိုလီအသင်း၏ အိမ်ကွင်း၌ တစ်ဂိုးစီ သရေကစားနိုင်ခဲ့သည်။ **(အင်တာနက်)**

အင်တာမီလန် တိုက်စစ်မှူး အီဘရာဟင်မိုဗစ်ချ်၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ဘွန်ဒက်စ်လီဂါ အမှတ်ပေးဇယား ရှော်လ်ကေး ထိပ်ဆုံးမှ ဦးဆောင်နေ

မြူးနစ် မတ် ၄

ဂျာမနီ ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၄) ဘောလုံးပြိုင်ပွဲများကို မတ်၃ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယား ဒုတိယနေရာမှ ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ ဘိုချန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

သွင်းယူပေး

ဝါဒါဘရီမင်အသင်းအတွက် အနိုင်ဂိုး သုံးဂိုးစလုံးကို တိုက်စစ်မှူး ဟန့်က ဟက်ထရစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဝါဒါဘရီမင်တို့ ယင်းပွဲ အနိုင်ရလိုက်၍ အမှတ်ပေးဇယားတွင် ရမှတ် ၄၆မှတ်ဖြင့် ဒုတိယနေရာမှ ဦးဆောင်လျက်ရှိသည်။

ဦးဆောင်

သို့သော်လည်း ရှော်လ်ကေးအသင်းက ရမှတ် ၄၉မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ရမှတ် ၄၃မှတ်ဖြင့် စတုတ္ထနေရာတွင် ရှိနေသည်။

ရှုံးနိမ့်

ထိုနေ့က အမှတ်ပေးဇယား တတိယနေရာတွင် ရှိနေသော စတုဂတ်အသင်းမှာ လေဗာကူဆင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ဝါဒါဘရီမင် တိုက်စစ်မှူး ကလိုဆေးနှင့် ဘိုချန် ဂိုးသမားတို့ ဤသို့ တစ်ယောက်ချင်းဆုံတွေ့ရာဝယ်။
(ဓာတ်ပုံ-အင်တာနက်)

အခြားပွဲရလဒ်များ

ဘီလီဖီးလ်	၃ - ၂	နူရင်ဘတ်
ဟာသာဘာလင်	၂ - ၃	ဘိုင်ယန်မြူးနစ်
ဝုလ်ဘတ်	၁ - ၀	ဂလက်ဘတ်
ဖရန့်ဖတ်	၂ - ၀	ဟန်နိုဗာ။

(အင်တာနက်)

ယဉ်ကျေးမှုဝန်ကြီးဌာန
သမိုင်းသုတေသနဦးစီးဌာန၏
ကြေညာချက်

- မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရှေးဟောင်းစာပေကို မြတ်နိုးသူများထံတွင် ပေ၊ပုရပိုက်များရှိနိုင်ပါသည်။ ပေ၊ ပုရပိုက်များကို စနစ်တကျ ထိန်းသိမ်းခြင်းမပြုလျှင် ကာလတစ်ခုအထိသာခံပြီး ဆွေးမြေ့ ပျက်စီးသွားပါမည်။ တစ်ဆက်တည်းမှာပင် တန်ဖိုးရှိလှသော အမိနိုင်ငံတော်၏ သမိုင်းအကြောင်းအရာ အချို့လည်း ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။
- ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနဦးစီးဌာနတွင် ပေ၊ ပုရပိုက်များကို မည်သူ့ထံမှရရှိကြောင်း မှတ်တမ်းတင်၍ ပိုးမွှားများ မဖျက်ဆီးနိုင်ရန် စီစဉ်ထားရှိပါသည်။ ပေ၊ ပုရပိုက်များကို ရာသီဥတုဒဏ်ကြောင့် မပျက်စီးစေရန် စိုထိုင်းဆ တိုင်းတာသော ကိရိယာများ တပ်ဆင်ထားသည့် အခန်းများဖြင့် ထိန်းသိမ်းနေပါသည်။
- သမိုင်းသုတေသနဦးစီးဌာနရှိ မြန်မာသမိုင်းပညာရှင်ကြီးများကလည်း ထိုပေ၊ ပုရပိုက်များကိုကိုးကား၍ သမိုင်းဆိုင်ရာ စာအုပ်ပေါင်း (၁၀၀) ကျော် ရေးသားခဲ့ကြပြီး၊ ဆက်လက်ရေးသားပြုစုနေဆဲဖြစ်ပါသည်။
- ထို ပေ၊ ပုရပိုက်များကို စစ်ဘက်၊ နယ်ဘက်တက္ကသိုလ်များမှ ကျမ်းပြုသင်တန်းသားများ၊ သုတေသီများ၊ စာပေဝါသနာရှင်များက အသုံးပြုနေပါသည်။ ပေ၊ ပုရပိုက်များ အသုံးပြုရာတွင်လည်း မည်သူ့ထံမှရသော ပေ၊ ပုရပိုက်ဖြစ်ကြောင်း၊ မူလပိုင်ရှင်၏ အမည်၊ ဘုန်းတော်ကြီးကျောင်းစသည်များကို သမိုင်းကျမ်းများတွင် ဂုဏ်ပြုဖော်ပြပေးပါသည်။

(၁) အမိနိုင်ငံတော်၏သမိုင်း ပိုမိုကျယ်ဝန်း ပြည့်စုံလာစေရေးတွင် အထောက်အကူဖြစ်စေရန်၊

(၂) အမိနိုင်ငံတော်၏ သမိုင်းတွင်လိုအပ်သော ကွက်လပ်များဖြည့်စွက်နိုင်ရန်၊

(၃) အမိနိုင်ငံတော်၏ ရှေးဟောင်းအမွေအနှစ် သမိုင်းမှတ်တမ်းများ၊ ကြာရှည်စွာ ထိန်းသိမ်းနိုင်ရန်၊

စသော ရည်မှန်းချက်များဖြင့် သမိုင်းသုတေသနဦးစီးဌာနသည် ရှေးဟောင်း ပေ၊ ပုရပိုက်များကို အလှူခံ၍ ထိန်းသိမ်းနေပါသည်။ လှူဒါန်းလိုသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

– ကူးယူခွင့်ပြုမည် ဆိုပါကလည်း လာရောက်ကူးယူပါမည်။

မော်ကွန်းဌာနစိတ်
သမိုင်းသုတေသနဦးစီးဌာန
အမရဆောင်၊ ရန်ကုန်တက္ကသိုလ်နယ်မြေ
ရန်ကုန်မြို့။
ဖုန်း–၀၁–၅၂၄၂၀၀၊ ၀၁–၅၃၇၀၅၀။

စေ့စပ်ကြောင်းလမ်းညှိခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၇၃၈နေ
ဦးစိန်ဝင်း(အမှုဆောင်ဒါရိုက်တာ၊ရန်ကုန်တိုင်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုချုပ်)–
ဒေါ်မြတ်နွယ်(အလပြ၊ငြိမ်း) တို့၏ ဒုတိယသား

မောင်ဝင်းဝဏ္ဏ B.E (EP) , Dip, Building (YTU)

Assistant Electrical Engineer (Astrol Security Engineering, Singapore)

နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ဗိုလ်တေဇလမ်း၊ အမှတ် ၇၈၆နေ
ဦးစိုးသိန်း(First Engineer, New Asian Shipping Company Limited)–
ဒေါ်စန္ဒာကြည်(Thanyawzin Food & Drink)တို့၏သမီးထွေး

မစိုးစန္ဒာစု B.E(Civil)

Higher Diploma in Business Administration, Singapore

တို့၏ ၄–၃–၂၀၀၇ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်သော ကျွန်တော်၊ ကျွန်မတို့၏ စေ့စပ်ကြောင်းလမ်းညှိခံပွဲတွင် စေ့စပ်မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော မိဘရိပ်ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ သီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့–သီတဂူ ဦးနိုင်ဦးနှင့် သီရိသုဓမ္မသီဂီ သီတဂူ ဒေါ်အေးသိန်းတို့အားလည်းကောင်း၊ စေ့စပ်ကြောင်းလမ်း ညှိခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးဝင်းတင်အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးသော ခင်စန်းဝင်းနှင့် အဖွဲ့အားလည်းကောင်း၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့် အဖွဲ့အားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့်တကွ ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းဝဏ္ဏ–မစိုးစန္ဒာစု။



ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၀)ဖြန့်ချိ

ရန်ကုန် မတ် ၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၁၀)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ မြန်မာလုပ်သားတစ်ထောင်ထိုင်းက ခေါ်ယူမည်၊ ပါကစ္စတန်နိုင်ငံ ကန္တာရဒေသအတွင်းရှိ ထင်ရှားသည့် ဗုဒ္ဓသာသနာ့အမွေအနှစ်များ လေ့လာနိုင်တော့မည်၊ လာအိုရှေးဟောင်းမြို့ "ပတ်ဆေး"သို့ ဧပြီလတွင် သွားနိုင်ပြီ၊ ပြည်ပသွားမည့် ရွှေ့ပြောင်းလုပ်သားများ အခက်အခဲရှိလျှင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့ တိုက်ရိုက်တိုင်ကြားနိုင်စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ကွင်းပြင်ရောက်စေသော ဒဏ်ရာများနှင့် ဘောလုံးသမားများ၏ ဘဝအလှည့်အပြောင်း အားကစားဆောင်းပါးနှင့်အတူ ဆံပင်ဈေးကွက် အလှည့်အပြောင်း အနောက်တိုင်းတွင် ဖြစ်လာ၊ ဗီယက်နမ်တောင်နှင့်မြောက် ယဉ်ကျေးမှုကွာဟနေဆဲ၊ အမေရိကန် ပိုးမသန့်ထောပတ်များ တရုတ်ဈေးကွက်မှ ပြန်လည်ရုပ်သိမ်းစသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

မီးကြွင်း မီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

အောင်မြေသာစံမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် မတ် ၄

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၆လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား အကွက်အမှတ်၁၈၅ သံဝင်းနေ ဦးကြည်မောင်၏ နေအိမ်၌ ယနေ့နံနက်၇နာရီကျော်ခန့်တွင် မီးကြွင်းမီးကျန်မှ တစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ကား၃၇စီးဖြင့် မီးငြိမ်းသတ်ခဲ့သဖြင့် နံနက်၇နာရီခွဲကျော်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး၊ မီးလောင်မှုကြောင့် နေအိမ်၁၀လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံတည်ထောင်ခြင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ် Logo ပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မတ် ၄

အာဆီယံအဖွဲ့အစည်းသည် ၂၀၀၇ ခုနှစ် ဩဂုတ်၈ရက် အာဆီယံ တည်ထောင်ခြင်း နှစ်(၄၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများတွင် အသုံးပြုရန် အထိမ်းအမှတ်တံဆိပ် Logo ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အမျိုးသားအဆင့်ပြိုင်ပွဲ ကျင်းပခဲ့ပြီး ဆုရရှိသူများအားဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်မြို့ မြို့မ ကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် အာဆီယံ သံရုံးအကြီးအကဲများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်

ရှေးဦးစွာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူကအဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံ တည်ထောင်ခြင်း နှစ် (၄၀)ပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်းအနားများကို အာဆီယံအဖွဲ့ဝင် နိုင်ငံများ၌လည်းကောင်း၊ ဆွေးနွေးဘက်နိုင်ငံများ၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိကြောင်း၊ ထိုအခမ်းအနားများတွင် အသုံးပြုရန်အတွက် အမှတ်တံဆိပ် Logo တစ်ခုကို အဖွဲ့ဝင်နိုင်ငံများ အတွင်း ပြိုင်ပွဲများ ကျင်းပကာ ဦးစွာ ရွေးချယ်ခဲ့ပြီး အာဆီယံ(၁၀) နိုင်ငံတွင်း ထပ်မံ ယှဉ်ပြိုင်ရွေးချယ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအမျိုးသားအဆင့် ဆုရရှိသူများစာရင်းကို ဖေဖော်ဝါရီ၂၁ရက် ထုတ်သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အာဆီယံဒေသ အဆင့်ဆုကို ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ ရရှိသွားပါကြောင်း၊ ၂၀၀၇ခုနှစ် ဩဂုတ် ၈ရက်သည် အာဆီယံ တည်ထောင်မှု နှစ်(၄၀) ပြည့်မြောက်သည့် အထိမ်းအမှတ်ဖြစ်သကဲ့သို့ ၂၀၀၇ခုနှစ် ဇူလိုင် ၂၃ရက်သည်လည်း မြန်မာနိုင်ငံမှ အာဆီယံဝင်ရောက်မှု (၁၀)နှစ်ပြည့် မြောက်သည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် အဆိုပါ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသွားသည်။ ထို့နောက် ဒုတိယဝန်ကြီးက ဆုရရှိသူများအား ဆုချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

လှည့်လည်ကြည့်ရှု

ယင်းနောက် ပထမဆု ရရှိသူ မောင်သုတဝင်းက ကျေးဇူးတင်စကား ပြောကြားပြီး ညှိပရိသတ်များက မြန်မာနိုင်ငံအမျိုးသားအဆင့် ဆုရရှိသူများနှင့် ဒေသအဆင့် ဆုရရှိသူ၏ လိုဂို ဒီဇိုင်းပုံများကို လှည့်လည်ကြည့်ရှုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၅–၃–၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ဆင်ဖြူရှင်တံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	Grammar made Easy
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၄ခုနှစ်)
၁၆း၄၀	၄။	အလှရှာမယ် လှကမ္ဘာဝယ်
၁၇း၀၀	၅။	**၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
၂၀း၀၀	၆။	ပြည်တွင်းသတင်း
	၇။	နိုင်ငံတကာသတင်းများ
	၈။	မိုးလေဝသအခြေအနေ
	၉။	**၂၀၀၅ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကျင်းပပုံ ထုတ်လွှင့်မှုအစီအစဉ်**
	၁၀။	နောက်တစ်နေ့အစီအစဉ်
	၁၁။	အစီအစဉ်ပြီး၏။

စေတီတော်များ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကျင်းပမည်

ရန်ကုန် မတ် ၄

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူးတည်ဆောက်လျက်ရှိသော ပန်းတစ်ပွင့်တောင်ထွတ်ရှိ ဆုတောင်းပြည့် အောင်ဇမ္ဗူဟိန်းစကြာရှင် ဆယ့်တစ်မီးငြိမ်းစေတီတော်ကြီး ရင်ပြင်တော်ပေါ်တွင် ကိုးတောင်ပြည့်စေတီတော်၂၇ဆူနှင့် နဂါးရုံဘုရားကိုးဆူတို့အနက် တစ်ဆူလျှင် ငွေကျပ်ကိုးသိန်းဖြင့် လှူဒါန်းထားသည့် အလှူရှင်များ၏ အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို မတ်၁၁ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှိုင်လင်–လှိုင်မုံမိုင်း ကျေးလက်လမ်းသစ်ဖွင့်

လှိုင်လင် ဖေဖော်ဝါရီ ၁၅

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လှိုင်လင်–လှိုင်မုံမိုင်း ကျေးလက်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၈ရက်က ဆောင်ရွက်ခဲ့ရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ဌေး၊ လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်ခဲ့

အဆိုပါ လှိုင်လင်–လှိုင်မုံမိုင်းလမ်းမှာ အရှည်ပေ ၃၀၅၀၊ အကျယ် ၁၀ပေရှိပြီး ငွေကျပ် ၅၈၀၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နေရဘန်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရွှေဘို ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့ပြ ကတ္တရာလမ်းများအနက် နေရဘန်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့်အဖွဲ့ဝင်များ၊ ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အဆိုပါ နေရဘန်ကျောင်းလမ်း ကတ္တရာလမ်းသစ်မှာ အရှည်ပေ၇၃၀၊ အကျယ်၁၂ပေဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ်၁၅သိန်း သုံးသောင်း၊ ပြည်သူများထည့်ဝင်ငွေကျပ် ၁၀သိန်း ခုနစ်သောင်းဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

ကံမမြို့၌ မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်

ကံမ ဖေဖော်ဝါရီ ၁၂

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း သရက်ခရိုင် ကံမမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မင်းဘူးဇုန်မျက်စိအထူးကုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်အသင်းရုံးနှင့် ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၆ ရက်မှ ၉ ရက်အထိ အထူးကုဆရာဝန်ကြီး ပါမောက္ခဦးအောင်ဆန်းဝင်းနှင့် အထူးကုဆရာဝန်ကြီး ဦးဝင်းဗိုလ်သန်းတို့အဖွဲ့က မျက်စိဝေဒနာရှင် ၈၀၀ခန့်အား စမ်းသပ်စစ်ဆေးခြင်း၊ ၃၆ ဦးအား ခွဲစိတ်ကုသ၍ မျက်ကြည်မှန် အခမဲ့တပ်ဆင်ခြင်း၊ ၁၁ဦးအား အသေးစားခွဲစိတ်ခြင်းများ ဆောင်ရွက်ပေးပြီး ဝေဒနာရှင် ၃၈ဦးအား မင်းဘူးခရိုင် မျက်စိအထူးကုဆေးရုံကြီးတွင် အထူးကုအဖွဲ့က ထပ်မံခွဲစိတ်ကုသပေးရန် စီစဉ်ထားသည်။

မျက်စိစမ်းသပ်ခွဲစိတ်ခြင်း၊ မျက်ကြည်မှန် အခမဲ့တပ်ဆင်ခြင်းအတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၇ရက်က မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပရာ ရေနံချောင်းစက်မှုဇုန်၊ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း၊ STAR မော်တော်ဆိုင်ကယ် စက်ရုံပိုင်ရှင် ဦးရဲမြင့်–ဒေါ်ဝင်းမော်ထွန်း (စက်မှုစီးပွားထူးချွန် တတိယဆင့်)က ငွေကျပ်သိန်း ၂၀ လှူဒါန်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းကြသည်။ **(အောက်ပုံ)**

အဆိုပါ မျက်စိစမ်းသပ်ခွဲစိတ်ကုသခြင်းလုပ်ငန်းတွင် လိုအပ်သည်များကို မကွေးတိုင်း မင်းဘူးခရိုင်၊ သရက်ခရိုင်၊ ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ကလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ဦးစန်းလွင်ဦးနှင့် ဝန်ထမ်းများကလည်းကောင်း ပံ့ပိုးကူညီကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

ဖေဖော်ဝါရီ ၇ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရန် အကျဉ်းဦးစီးဌာနသို့ ပိုက်လိုင်းများ သွယ်တန်းမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြသေ့်မင်း မော်တော်ယာဉ်လိုင်းဖွင့်

မင်းတပ် ဖေဖော်ဝါရီ ၂၈

ချင်းပြည်နယ် မင်းတပ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် မင်းတပ်–ကျောက်ထု–ထီးလင်း–ဂန့်ဂေါ–ဟားခါး ခရီးစဉ်များ ပြေးဆွဲမည့် ခြသေ့်မင်း မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ၂၃ ရက်နံနက်၁၀နာရီက မြို့နယ်ခန်းမအနီးရှိ ခြသေ့်မင်းမော်တော်ယာဉ်ဂိတ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလောထန်းလောက မော်တော်ယာဉ်လိုင်းနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသန်းမြင့်နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးထန်းလိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကျင်းပ

တောင်ငူ ဖေဖော်ဝါရီ ၁၃

တောင်ငူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးကို ဇန်နဝါရီ ၃၀ရက်က တောင်ငူမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်း (ငြိမ်း) (ကိုရေချမ်း–တောင်ငူ) **(အောက်ပုံ)**၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးသန်းဌေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးစိုးမင်းတို့က အမှာစကားပြောကြားကြ၍ ဘဏ္ဍာရေး ရှင်းတမ်းကို ဦးသောင်းရွှေ (ကေတုမောင်ညိုလင်း)က ဖတ်ကြားပြီး နှစ်ပတ်လည် အစီရင်ခံစာကို အတွင်းရေးမှူးဦးကျော်မြင့်က ဖတ်ကြားအတည်ပြုကြသည်။

ဆက်လက်၍ လစ်လပ်သွားသော အမှုဆောင် သုံးနေရာအတွက် အမှုဆောင်သစ်များအဖြစ် ဦးပွင့်သူအောင် (တက္ကသိုလ်ပွင့်သူအောင်)၊ ဦးယုလွင် (မောင်ကြေးစည်)နှင့် ဦးမြသိန်း (တောင်ငူ–အောင်ထူး)တို့အား ရွေးချယ်တင်မြှောက်လိုက်ကြပြီး ညီလာခံကိုယ်စားလှယ်အဖြစ် နာယက ဒုတိယဗိုလ်မှူးကြီး ခင်မောင်မြင့်(ငြိမ်း)ကို ရွေးချယ်ကြသည်။ **(၃၇၂)**

မြင်းခြံမြို့၌ အားကစားပြိုင်ပွဲဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၁၀

မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကိုဖေဖော်ဝါရီ ၄ရက်က မြင်းခြံမြို့ အားမာန်သစ် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မျိုးနိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမိုးဇော်တို့က အားကစားပြိုင်ပွဲများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(၄၀၂)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၄ ရက်
၆–၃–၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
(လယ်ယာမြေတစ်ဝှမ်း သီးနှံစွမ်းဖြင့် ဇီဝစွမ်းမြှင့်)

၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန်
ဟောပြောချက် (ပြဇာတ်စာပေထဲက မြန်မာ့စိတ်ဓာတ်)
(ညွှန့်ဟံ–ကြူတော)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး
(အမွေ–ခိုင်စန်ရွှေ)

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ
(ရိုးသားစွာ ကြိုးစားပါ)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ
(ခါနွေဆန်းစတပေါင်းလ– သာရဝေါစိုးကြည်)

၁၃:၁၀ ပညာရေးအစီအစဉ်
(ဘီအီးဒီဗီဝဗေဒသင်ပြနည်း)
(သင်ကြားမှုအထောက်အကူပြု ပစ္စည်းအမျိုးမျိုး၏ အထောက်အပံ့အကြောင်း ဇီဝဗေဒ ဘာသာရပ်သင်ကြားရေးကို အောင်မြင်စေနိုင်ခြင်း)

ညနေပိုင်း

၁၆:၁၀ ၂၀၀၇ ခုနှစ် တက္ကသိုလ် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ရူပဗေဒ)

၁၆:၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ဟင်းရွက်ခူး
(ပန်းကောက်တေးအဖွဲ့)
(၂) နွေကိုမြတ်နိုးသည်
(တမာမြေတေးအဖွဲ့)
(၃) ချစ်သော ဤကမ္ဘာမြေ
(ပုဂံဂီတအဖွဲ့)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
(ဆယ်ကျော်သက်နှင့် အဝလွန်ပြဿနာ–နေမောင်)

၁၈:၂၅ ကျေးလက်ဇာတ်လမ်း
(အသည်းချင်းဆုံမယ့် ပဲစင်းငုံ)

၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ
(လမ်းလျှောက်မည်)

၁၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) မြင်းလှည်းလေးနဲ့ပျော်
(ရန်အောင်၊ မေဆွိ)
(၂) ချစ်အဏ္ဏဝါ
(နှောင်း၊ ဟေမာနေဝင်း)
(၃) အိပ်မက်မက်တယ်
(ဂရေဟမ်၊ ရတနာဦး)

၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာကိုယ်စားနှင်းပါ့မယ်
(မူမူခင်)
(၂) မေ့အချစ်မြား (စန္ဒရားချစ်ဆွေ)
(၃) အားကိုးအားထား (မြင့်မြင့်စိန်)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် စူနီရမ်ပတ် သုခဝတီလမ်းအမှတ် ၅ နေ ဦးစိန် - ဒေါ်လှကြည်နှင့် သားသမီး၊ မြေးမြစ်တစ်စုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဘိဝံသ ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံ မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြင်းခြံ ဖေဖော်ဝါရီ ၁၂

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင် ဦးဆောင်၍ ဦးစီးအရာရှိ ဦးတင့်ဝေ ကြီးကြပ်ဆောင်ရွက်သော မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂ ရက်က မြို့မဈေးအတွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်အောင်၊ မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်တင့်တို့ တက်ရောက်ကြပြီး မီးသတ်ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တို့ ပူးပေါင်း ဇာတ်တိုက် လေ့ကျင့်ခဲ့ကြသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဦးဟန်ယူ-(ဒေါ်ရွှေလွှမ်)ဦးထိပ်ထား၍ သားကိုဝင်းနိုင် KWN PHARMCY MPF ဆေးဝါးများ လက်လီ လက်ကားရောင်းဝယ်ရေး အမှတ် (၅၁၂) စတုတ္ထထပ် အဆင့်မြင့်မင်္ဂလာဈေးက ငွေကျပ်တစ်သိန်း ခုနစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စစ်ကိုင်းတိုင်း မိခင်/ ကလေးကြီးကြပ်ရေးအဖွဲ့ပိုင် သားဖွားခန်းများ အရည်အသွေးတိုးမြှင့်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေး

မုံရွာ ဖေဖော်ဝါရီ ၁၅

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ပိုင် သားဖွားခန်းများ အရည်အသွေးတိုးမြှင့်ရန်အတွက် တိုင်းအဆင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက မုံရွာမြို့ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်က တိုင်းအတွင်းရှိ သားဖွားခန်းများ၏ အခြေအနေနှင့် စီမံချက်လုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ခင်စုက သားဖွားခန်း အရည်အသွေး ခွဲခြားသတ်မှတ်ခြင်းနှင့် သားဖွားခန်း အရည်အသွေးမြှင့်တင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်မြင့်မြင့်သိန်းက ကလေးများတွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းကိုလည်းကောင်း၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာသန်းထွန်းက ကျန်းမာရေး ပညာပေးအကြောင်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဒေါ်ညွန့်စိန်က ကာကွယ်ဆေးထိုး လုပ်ငန်းများ အကြောင်းကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးမြို့ကန်သာရပ်ကွက် ရွှေဝါလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ မကွေးခရိုင် ဥက္ကဋ္ဌ ဦးအုံးမော်နှင့် လမ်းအကျိုးဆောင် ကော်မတီ ဥက္ကဋ္ဌ ဦးကျော်ညွန့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဘားအံမြို့ အဓိပတိလမ်းရှိ လမ်းလယ်ကျွန်းများတွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးထားမှုကို ဖေဖော်ဝါရီ ၉ ရက်က စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စန်း ကွင်းဆင်းစစ်ဆေးရာ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်၊ ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်နှင့် အင်ဂျင်နီယာမှူး ဦးစိုင်းရွှေအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာအကျဉ်းထောင်သို့ ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်း

မိတ္ထီလာ ဖေဖော်ဝါရီ ၂

မိတ္ထီလာမြို့မှ စာရေးဆရာ သတင်းထောက် ဦးတင်လှိုင်နှင့် ကဗျာဆရာ မှုခင်းရှုထောင့် သတင်းထောက် ဦးချစ်သန်းတို့က မိတ္ထီလာ(ခ) အကျဉ်းထောင်မှ အကျဉ်းသားများ ဗဟုသုတ ပညာရရှိရန်အတွက် ဂျာနယ်ပေါင်းစုံ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ရက် နံနက်က မိတ္ထီလာအကျဉ်းထောင် ဧည့်ခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာသတင်းထောက် ဦးတင်လှိုင်က ဂျာနယ်များ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး သတင်းထောက် ဦးတင်လှိုင်က ကျန်းမာရေးဂျာနယ်နှင့် ပွိုင့်ဂျာနယ် စာတည်းမှူးချုပ် ဒေါက်တာ ခင်မောင်ထွေး (ဒေါက်ထွေး/ဆေးမန်း) လှူဒါန်းသည့် ကျန်းမာရေး ဂျာနယ် ၁၉ စောင်နှင့် ပွိုင့်ဂျာနယ် ၂၇ စောင်ကို ဒေါက်တာခင်မောင်ထွေးကိုယ်စား ဦးတင်လှိုင်က အကျဉ်းထောင်အရာရှိ ဦးကျော်ငွေးသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စာရေးဆရာ သတင်းထောက် ဦးတင်လှိုင်က ဂျာနယ်မျိုးစုံ ၆၃အုပ်နှင့် ကဗျာဆရာ မှုခင်းရှုထောင့်သတင်းထောက် ဦးချစ်သန်းက ဂျာနယ်မျိုးစုံ ၆၇အုပ်ကို အကျဉ်းထောင်အရာရှိ ဦးကျော်ငွေးထံ ပေးအပ်လှူဒါန်းကြသည်။

မိတ္ထီလာမြို့မှ စာရေးဆရာ သတင်းထောက် ဦးတင်လှိုင်နှင့် မှုခင်းရှုထောင့် သတင်းထောက် ကဗျာဆရာ ဦးချစ်သန်းတို့က ကျန်းမာရေးဂျာနယ်၊ အားကစားဂျာနယ်ပေါင်းစုံ၊ လျှပ်တစ်ပြက်၊ WEEKLY ELEVEN ဂျာနယ်၊ ကုမုဒြာဂျာနယ်၊7ဒေးဂျာနယ်၊ မှုခင်းသတင်းဂျာနယ်မျိုးစုံ၊ နန်းမြင့်ဂျာနယ်၊ 24/7 ဂျာနယ်၊ နေလဂျာနယ်၊ ပေါ်ပြူလာဂျာနယ်နှင့် NEWS WATCH ဂျာနယ် အပါအဝင် ဂျာနယ်ပေါင်းစုံ ၁၃၀တို့အား ပေးအပ်လှူဒါန်းကြသည်။ **(၄၁၄)**

အမြို့မြို့ အနယ်နယ် သတင်းများ

ကျွဲပွဲ-မြို့ဆိုး ကျေးလက် ကျောက်ချောလမ်းဖွင့်

အုတ်တွင်း ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ကျွဲပွဲ-မြို့ဆိုး ကျေးလက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က မြို့ဆိုးကူးတို့ဆိပ်လမ်းထိပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ရှိန်က ကျွဲပွဲ-မြို့ဆိုးကျေးလက်ကျောက်ချောလမ်းနှင့် ပတ်သက်သော အချက်အလက်များတင်ပြပြီး လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအုန်းကျော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အထိမ်းအမှတ်အလံများကို မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်ခင်ဆွေဦး၊ တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က တာဝန်ရှိသူများသို့ပေးအပ်ပြီး ကျွဲပွဲ-မြို့ဆိုးကျေးလက် ကျောက်ချောလမ်းကို အမှုဆောင်အရာရှိ ဦးတင်ရှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ရဲအုပ်စောဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)(၃၁၆)**

ပျော်ဘွယ် အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၃

ပျော်ဘွယ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ကျောင်းသား ကျောင်းသူဟောင်းများ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၁၀နာရီက အထက(၁) ခမ်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာ ဆရာမ ၃၈ ဦးတို့အား ကျောင်းသားကျောင်းသူဟောင်းများ၏ လှူဒါန်းငွေကျပ်သိန်း ၅၀ ကျော်ဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။ (၂၅၀)

ပညာရိပ်မွန် စာကြည့်တိုက် အဆောက်အအုံဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်း

ကသာ ဖေဖော်ဝါရီ ၂

ကသာခရိုင် ကသာမြို့နယ်အောက်ဝဲကြီးကျေးရွာအုပ်စု ကြာအင်း ကျေးရွာတွင် ပညာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

ပညာရိပ်မွန်စာကြည့်တိုက်တွင်ဂန္ထဝင်စာပေများ၊ သမိုင်း၊ ဝတ္ထု၊ ဗုဒ္ဓကျမ်းစာများ၊စစ်ပြီးခေတ်သုတ၊ရသ ဂန္ထဝင်စာအုပ်များ၊အမျိုးသားစာပေဆုရ စာအုပ် သုံးထောင်ကျော်ကို အခြေပြု၍ ကြာအင်းရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးညာဏ္ဍိဒက ဦးစီး၍ အဆောက်အအုံ ကုန်ကျငွေကျပ် တစ်ဆယ့်ရှစ်သိန်းကျော် အကုန်အကျခံ၍ တည်ဆောက်ခြင်း ဖြစ်သည်။

ထို့နောက် စာကြည့်တိုက် အဆောက်အအုံသစ်ကို ကြာအင်းကျေးရွာကျောင်းတိုက် ဆရာတော် ဦးညာဏ္ဍိဒ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးသောင်းမြင့်နှင့် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိ ဦးကျော်ဝင်းကို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(ခရိုင် ပြန်/ဆက်)

5-3 (16) 1 3/5/07, 2:05 PM

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် စလင်းကျောင်းတိုက် ခေမာသီဝံကျောင်း ဆရာတော်ဘဒ္ဒန္တ ကောသလာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၏ မွေးနေ့ ဓမ္မပူဇာ ခေမာကာရီပရိယတ္တိစာမေးပွဲနှင့် စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ခေမာသီဝံကျောင်း၌ ကျင်းပရာ ဒေါက်တာဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်)၏ ကိုယ်စား ဒေါ်မူမူက ဓမ္မပူဇာအလှူတော်ငွေကျပ် ၇၃၀၀၀၀ ကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု သရုပ်ပြပြိုင်ပွဲ နောင်ချိုမြို့၌ ကျင်းပ

နောင်ချို ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကို ရည်ရွယ်၍ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု သရုပ်ပြပွဲနှင့် ယဉ်ကျေးမှုအက ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၅ရက် ည၇နာရီက မြို့နယ်ခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော် တက်ရောက် အမှာစကားပြောကြားပြီး သရုပ်ပြပွဲကို ဖွင့်လှစ်ပေးသည်။

သရုပ်ပြ

အခမ်းအနားတွင် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ မွန်၊ ဗမာ၊ ရခိုင် စသည့် တိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုနှင့် ဒေသခံရှမ်း၊ ဓနုနှင့် ကိုးကန့်လူမျိုးတို့၏ ရိုးရာဝတ်စားဆင်ယင်မှုတို့ကို သရုပ်ပြကြသည်။ **(အောက်ပုံ)**

အခမ်းအနားအပြီးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးချိုတို့က တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့တို့အား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**



ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း ပြန်လည်ပြုပြင်ဆောက်လုပ်ဆဲဖြစ်သော သုဝဏ္ဏဝတီသုံးထပ်ရွှေကျောင်းတော်ကြီးအတွက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂လမ်း မြို့သစ်နေ ဦးသန်းထွန်း-ဆရာမကြီး ဒေါ်စန်းမြင့်မိသားစုက မိဘ၊ဘိုးဘွား၊ ညီအစ်ကို၊ မောင်နှမတို့အား ရည်စူး၍ ပထမအကြိမ်ငွေကျပ် နှစ်သိန်းကို ပဓာနဆရာတော် ဦးဥတ္တမသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ကောလင်း ဖေဖော်ဝါရီ ၂

ကောလင်းမြို့နယ် စည်ပင်သာယာဈေးကြီး ခေတ်မီဈေးသစ်ဖြစ်ရေးနှင့် မြို့အင်္ဂါနှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့သည် ဇန်နဝါရီ ၂၆ရက်က ဈေးအတွင်း သန့်ရှင်းရေး၊ ဈေးလုံခြုံရေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို ကွင်းဆင်းစစ်ဆေးကြသည်။ **(၀၂၆)**

(၇၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း တာမွေမြို့နယ် ပုသိမ်ညွှန့် (စံပြ)ရပ်ကွက် ကျောက်မြောင်း ဘယသုဒ္ဓိလမ်း အမှတ် ၉၆နေ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအေးဝင်း (လူမှုထူးချွန် တတိယဆင့်) **(ဝဲပုံ)** သည် ဖေဖော်ဝါရီ ၂၅ ရက်က မင်္ဂလာဗျူဟာ အသင်းချုပ်၏ (၈၇) ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲတွင် (၇၅) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မန္တလေးတိုင်း ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ စည်းဝေး

မန္တလေး ဖေဖော်ဝါရီ ၂

မန္တလေးတိုင်း ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀နာရီက အိုရီတယ်ဟိုတယ်တွင် ကျင်းပသည်။

ရှေးဦးစွာမန္တလေးတိုင်း သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး မန္တလေးတိုင်း ဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းဥက္ကဋ္ဌ ဦးအောင်ဖြူက အမှာစကားပြောကြား၍ အမှုဆောင်များက အမှုဆောင် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရန်ပုံငွေခွဲဝေမှု စာရင်းကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက် ရယူသည်။

ထို့နောက် အသင်းသားအစုပေါ် အကျိုးငွေကျပ် ၆၉ဒသမ၅သိန်းကို အသင်းဥက္ကဋ္ဌ ဦးအောင်ဖြူက ပေးအပ်ရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးစိန်လှိုင်က လက်ခံယူသည်။

ထို့နောက် အမှုဆောင်သစ်များနှင့် အသင်းသားစာရင်းစစ် နှစ်ဦး ရွေးချယ်တင်မြှောက်ကြပြီး တာဝန်ခွဲဝေကာ ကတိသစ္စာခံယူကြသည်။ **(၁၆၂)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့် စေတီတော် သတ္တဌာန မုခ်ဦးအတွက် ရန်ကင်းမြို့နယ် သုခဝတီလမ်း အမှတ် (၂၀)နေ ဒေါက်တာဗိုလ်ဗိုလ်-ဒေါ်ကျော့ကေသာစိုးစံ၊ သမီးရတနာပုံ၊ ယမုံထွန်း၊ သား ကျော်အောင်မင်းမိသားစုက အလှူငွေကျပ် ၅၄၅၀၀၀ ကို ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် တွဲဖက်အတွင်းရေးမှူး ဦးလွန်းမောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်ထောင်စုနေ့ပြခန်း ပင်လုံမြို့၌ဖွင့်

ပင်လုံ ဖေဖော်ဝါရီ ၁၂

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက လွိုင်လင်ခရိုင် ပင်လုံမြို့ ပြည်ထောင်စုကျောက်တိုင်ဝင်း အတွင်း၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်အလံအား အလေးပြုကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက သဝဏ်လွှာကို ဖတ်ကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အဖြစ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်ဥက္ကဋ္ဌဦးအောင်ဌေး၊ အတွင်းရေးမှူးဦးတင်စိန်၊ အဖွဲ့ဝင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဟန်ထွန်းတို့က ဆုများချီးမြှင့်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုနေ့ပြခန်း ဖွင့်ပွဲကို ပင်လုံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ နံနက်၈နာရီက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအောင်ဌေး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဝင်းနှင့်မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မိုးညိုမြို့နယ် တောင်ဇင်း-ကျီးပင်စု ဂဝံလမ်းသစ်ဖွင့်

မိုးညို ဖေဖော်ဝါရီ ၁၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် တောင်ဇင်းကျေးရွာနှင့် ကျီးပင်စုကျေးရွာ ဆက်သွယ်သည့် ဂဝံလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ဂဝံလမ်းသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇူဇယ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်

အဆိုပါ ဂဝံလမ်းသစ်သည် လမ်းအရှည်ပေ ၃၉၀၀ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကုန်ကျငွေကျပ်၃၆၀၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေနံချောင်းမြို့ ရွာသစ်-မကျီးလေးပင်လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်စိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်လွင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာပြည်တွင် ပထမဦးဆုံးဖွင့်လှစ်သော တရုတ်သရေစာမုန့်လုပ်နည်းသင်တန်း

လက်ဖက်ရည်ဆိုင် ထွန်းကားတိုးတက်အောင်နှင့် အရင်းအနှီးနည်းနည်းဖြင့် ဆိုင်သစ် ဖွင့်လိုသူ၊ နိုင်ငံခြားသွားရောက်လုပ်ကိုင်သူ၊ အိမ်ရှင်မနှင့် လူငယ်ကျောင်းသားများ ဘ၀ တစ်သက်လုံး အသက်မွေးဝမ်းကျောင်း ပညာအဖြစ် ဝက်သားပေါက်စီ၊ အီကြာကွေး အပါအဝင် မုန့်လုပ်နည်း ၁၁ မျိုးနှင့် နိုင်ငံခြားပုံစံသစ် လက်ဖက်ရည်ဖျော်ရည် နည်းအမျိုးမျိုးကို အခမဲ့သင်ကြားပေးပါမည်။ဝါသနာပါသူများအမြန်လာရောက် စုံစမ်းစာရင်းသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စုံစမ်းရန်နှင့် စာရင်းသွင်းရန် – မွန်းလွဲ ၂နာရီမှ ညနေ ၄ နာရီအထိ ဦးဟန်ကြိုင် အမှတ် ၂၅၊ ၂၁လမ်း၊ ရန်ကုန်။





ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်–၃၈၅ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးမျိုးခင်
မိတ္ထီလာမြို့။
တရားနိုင် **တရားရုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၁၈၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် မတ်လ ၉ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၁၇/ဏ၊ ကျီတော်ကုန်း)၊ အကွက်အမှတ် (၂၄၇/၂၄၈)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေနှင့် ၎င်းမြေပေါ်ရှိ (၂၉x၂၇)ပေရှိ လူနေ နှစ်ထပ်တိုက်၊ (၁၈x၁၂)ပေရှိ မီးဖိုချောင်နှင့် (၁၈x၉)ပေရှိ ကားဂိုဒေါင်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၂၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်း မဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

အငယ်တန်းအင်ဂျင်နီယာ ကျား (၄) ဦး
– AGTI (E.P, E.C, Mect:) / B- Tech (E.P, E.C, Mect:) ဘွဲ့ရသူ၊
– အသက် (၂၅–၃၅)နှစ်အတွင်း

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ (၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထား၊ ရဲစခန်းထောက်ခံစာမူရင်းနှင့်အတူ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။ **Multi Engineering Co., Ltd.**
၄(ခ)၊ အခန်း ၄။ ပါရမီလမ်း၊ ၁၀ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို နိုင်ငံခြားငွေ(US Dollar/Euro)များဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)ကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)23/MR(ML) 2006-2007	CAT ENGINE Model 3508 B Complete with Standard Accessories and Spares	3-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်၊ အချိန်– ၅–၄–၂၀၀၇ရက် (ကြာသပတေးနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၅–၃–၂၀၀၇ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၉၁၉၈၂၊ ၂၉၁၉၈၅၊ (၂၀၁၅၅၅–လိုင်းခွဲ–၆၀၁, ၆၀၂, ၆၀၅,၆၁၂)။

ရောင်းရန်

၁၉၉၁မော်ဒယ် Mitsubishi Canter Truck, 10' , CNG အိုးငါးလုံး၊ လူအမည်ပေါက်၊ အခွန်ကျေပြီး၊ **ဖုန်း–၀၉–၅၀၀–၁၈၅၇၊ ၅၇၉၃၂၁၊ ၀၉–၅၁–၄၀၀၃၃။**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ချစ် အသက်(၁၀၃)နှစ်

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမောင်မောင်စိုးနှင့် ဒေါ်ခင်လေးသိဂီတို့၏အဘွား ဒေါ်ချစ်သည် ၁–၃–၂၀၀၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊သာကေတဆိပ်ခံတံတားဝန်ထမ်းမိသားစု။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် မတ် ၄

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄**၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက် အမှတ် ၂၂/၃၀၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၃၉၂၂၂၃** တွင်လည်း မြန်မာ့အလင်းသတင်းစာကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ရုံးဖွင့်ရက်များ၌ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ ၄နာရီအထိ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာနဆေးရုံနှင့် ကျန်းမာရေးသတင်းအချက်အလက် ထူးချွန်ဆုအဖြစ် ချီးမြှင့်ပေးအပ်သည့် ကွန်ပျူတာကို ဆေးရုံစီမံခန့်ခွဲမှု ကော်မတီသို့ လွှဲပြောင်းပေးအပ်ပွဲနှင့် သက်ဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ရက်က ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်စမ်းစမ်းလှိုင်က ကွန်ပျူတာကို ဆေးရုံစီမံခန့်ခွဲရေးကော်မတီသို့ လွှဲပြောင်းပေးအပ်စဉ်။ (၃၅၂)

လေးမျက်နှာမြို့၌ မြို့နယ်ချင်းဆက်လမ်း ကျောက်ချောခင်း

လေးမျက်နှာ ဖေဖော်ဝါရီ ၂

ဟသ်ာတမြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့သို့ ဆက်သွယ်သည့် နိဗ္ဗာန်–အိုင်တို–အိုင်သပြုလမ်း လမ်းပေါက်များ ပြုပြင်ခြင်းနှင့်ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၁၅ရက်က ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်စိုးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးအောင်နိုင်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

ကတ္တရာလမ်းသစ်ဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွတ်ခိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မြို့တွင်းကတ္တရာ လမ်းသစ် ၄လမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စံရွှေသာ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်လွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းမောင်မောင်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျေးလက်ဖွံ့ဖြိုးရေး ထီးချိုင့်မြို့၌ဆောင်ရွက်

ထီးချိုင့် ဖေဖော်ဝါရီ ၁၅

ကသာခရိုင် ထီးချိုင့်မြို့နယ် ဒိုးပင်ကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၁၈ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင် ဦးဆောင်၍ မြို့နယ်တရားသူကြီးဒေါ်ခင်အေးသစ်၊ မြို့နယ် ဥပဒေအရာရှိ ဦးကြည်မြိုင်၊ ရဲအုပ်သိန်းအောင်၊ မြို့နယ်ဆရာဝန် ဒေါက်တာဌေးကြွယ်၊မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝေလင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်ဝင်းသိန်း၊မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲနိုင်တို့ကဒိုးပင်ကျေးရွာသို့သွားရောက်ပြီး ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ဟောပြော

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးလွင်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့်နှင့် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်မှုများကို လည်းကောင်း၊ မြို့နယ်တရားသူကြီးက ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေအကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ငါန်းဇွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အထက်တန်းကျောင်းဝန်းကျင် အထူးသန့်ရှင်းရေးကို ဖေဖော်ဝါရီ၇ရက်က အမှုဆောင်အရာရှိ ဦးသောင်းထိုက် ဦးဆောင်သောဝန်ထမ်းများ မြေယာရှုခင်း အလှပန်းပင်များနှင့် မြက်ခင်းပြင်များ ပေါင်းမြက်ရှင်းလင်းစဉ်။
(မြို့နယ်စည်ပင်)

တရားဥပဒေ စိုးမိုးရေး ပညာပေး

ရေဦး ဖေဖော်ဝါရီ ၂

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်တရားသူကြီး ခေါင်းဆောင်သော ဥပဒေပညာပေး ဟောပြောပွဲ အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၉ရက်က ကျေးရွာများသို့ကွင်းဆင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ပညာပေးဆွေးနွေး ဟောပြောပွဲကို မြင်းပေါက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်တရားသူကြီး ဒေါ်ခင်စိမ်းဝင်းက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လောင်းကစားမှုများပပျောက်ရေးတို့နှင့် ပတ်သက်သည့် ဥပဒေရေးရာများ ဆောင်ရွက်မှု ဆွေးနွေးဟောပြောပြီး ဒုတိယ မြို့နယ်ဥပဒေအရာရှိ ဦးသန့်ဇင်ဝင်းက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရေးဆိုင်ရာ ဥပဒေအကြောင်းကို ရှင်းလင်း ဆွေးနွေး ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဧည့ဝတီလမ်း ကတ္တရာလမ်းခင်းခြင်းကို ဇန်နဝါရီ ၂၅ရက်က အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဓာတ်ပေါင်းစုစေတီတော် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာနှင့် မနောရမ္မသာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညိုလှူဖွယ်ပစ္စည်းများဆက်ကပ်

ရန်ကုန် မတ် ၄

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ရှိ ဘောဂဝတီကုန်းတော်တွင် တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော်ပရိဝုဏ်အတွင်း ဓာတ်ပေါင်းစုစေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် မနောရမ္မသာသနာ့ဗိမာန်တော်ကြီး ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ စေတီတော်ဥ္ဂကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မဟာတေဇမုနိစေတီတော်၏ ထီးတော်အလှူရှင် ဦးကျော်ညွန့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတီတော်ဘက်စုံ ပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားဖွင့်

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံကျော်အဆိုတော် မဟာသဒ္ဓမ္မဇောတိကဓဇ လူမှုထူးချွန်ပထမဆင့် ဦးထွန်းရွှေက ထူးမခြားနား ဗုဒ္ဓရောင်ခြည်တော်ဘွဲ့ သီချင်းခန့်ဖြင့် သီဆိုပူဇော်၍ မင်္ဂလာစည်တော်အဖွဲ့က မင်္ဂလာငွေခရူနှင့် အောင်စည် အောင်မောင်းတို့ကို ကိုးကြိမ် တီးမှုတ်ပူဇော်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး အမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်များထံ ဆက်ကပ်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များ ယူဆောင်၍ မနောရမ္မ သာသနာ့ဗိမာန်တော်ကြီးအား ပက်ဖျန်းကြဲဖြန့် ချည်နှောင်ပေးကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် မဟာတေဇမုနိ စေတီတော်အား ရည်မှန်း လှူဒါန်းသောအားဖြင့် မနောရမ္မသာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက မကွေးဆရာတော် ဘဒ္ဒန္တ ကုမာရထံ သင်္ကန်းအစရှိသော လှူဖွယ် ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ စေတီတော်ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရထံ မနောရမ္မသာသနာ့ဗိမာန်တော်ကြီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ

၅-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

5-3 (20) 1 3/5/07, 2:05 PM